မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်၊ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာ ၂၄ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၉)၊ အမှတ်(၅၅)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သတင်းခရီးသည်
မြင့်မောင်စိုး

ဓာတ်ပုံမှတ်တမ်း
မျိုးမင်းသိန်း (မရမ်းကုန်း)

စာမျက်နှာဖွဲ့စည်းမှု
ဝင့်မာသွင် (မြန်မာ့အလင်း)

စီးပွားရေးတွက်ခြေကိုက်သော ငွေချည် (၆) ချည်မျှင်ရှည်ဝါ

နေပြည်တော်တပ်ကုန်း၌ အထွက်နှုန်းကောင်းမည်

နေပြည်တော် နိုဝင်ဘာ ၂၃

နေပြည်တော်တပ်ကုန်းသည် သီးနှံစုံ စိုက်ပျိုးဖြစ်ထွန်းသော ဒေသဖြစ်သည်။ စပါး၊ ကြံ၊ နှမ်း၊ မြေပဲ၊ နေကြာနှင့် ပဲမျိုးစုံတို့ စိုက်ပျိုးဖြစ်ထွန်းသည်။

စိုက်ပျိုးမှုအောင်မြင်

ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ ကြက်သွန်၊ ငရုတ်စသော ဟင်းသီးဟင်းရွက်စုံ ထွက်ရှိမှုမှာလည်း စံပြုထိုက်သောမြို့နယ်ဖြစ်သည်။ အထူးသဖြင့် ချည်မျှင်ရှည်ဝါစိုက်ပျိုးမှုမှာ ပို၍အောင်မြင်သည်။ ဤဒေသ၌ စိုက်ပျိုးသော ချည်မျှင်ရှည်ဝါမှာ ငွေချည်(၆) ဖြစ်သည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✻

ငွေချည် (၆) ချည်မျှင်ရှည်ဝါစိုက်ခင်း

နေပြည်တော်တပ်ကုန်းမြို့နယ် အင်ပင်ကျေးရွာအနီး အောင်မြင်ဖြစ်ထွန်းနေသော ငွေချည်(၆) ချည်မျှင်ရှည်ဝါ စိုက်ခင်းကို ဤသို့တွေ့ခဲ့ရသည်။

ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း (မရမ်းကုန်း)

ရောဝတီတံတား (ရတနာပုံ) တံတားကြီး သယ်ပိုးဆောင်ကြဉ်းမှုဖြင့် တောင်ပေါ် မြေပြန့် ရေမြေအနှံ့ တစ်ဆက်တစ်စပ်တည်းဖြစ်ထွန်းလာ



သတင်းမှတ်စု - တင်မာဝင်းနှင့် အေးသန္တာသိန်း
ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း ✧ စာမျက်နှာဖွဲ့စည်းမှု - တိုးလွင် (မြန်မာ့အလင်း)

နေပြည်တော် နိုဝင်ဘာ ၂၃

မျက်မှောက်ကာလ၌ ပြည်ထောင်စုဒေသအနှံ့ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် တောင်ပေါ်မြေပြန့် မြစ်ချောင်းပိုင်းခြားနေသော ဒေသများအားလုံး ရေမြေတစ်ဆက်တစ်စပ်တည်း ဖြစ်လာစေရန် လမ်း၊ တံတား အခြေခံကောင်းများကို စနစ်တကျ အကွက်ချပြီး အလုံးအရင်းဖြင့် တည်ဆောက်ပေးလျက်ရှိရာ ဧရာဝတီတံတား (ရတနာပုံ)ကို ၂၀၀၈ခုနှစ် ဧပြီ ၁၁ရက်က ဖွင့်လှစ်ပေးခဲ့၍ ရှစ်စင်းမြောက် ဧရာဝတီမြစ်ကူးတံတားကြီး ဖြစ်တည်လာခဲ့ပေပြီ။

စာမျက်နှာ ၃ ကော်လံ ၃ ●

ဧရာဝတီတံတား(ရတနာပုံ)

ထည်ဝါခံ့ညားလှပသော ဧရာဝတီတံတား(ရတနာပုံ)ကို ဤသို့ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း

24-11 (01).pmd 1 11/24/2009, 12:59 PM

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် နိုဝင်ဘာ ၂၄ ရက်)

အားကစားအောင်နိုင်ခြင်းဖြင့် နိုင်ငံ့ဂုဏ်မြှင့်တင် နိုင်ငံတော်၏အောင်လံ လွှင့်ပျံနိုင်ရေး ကြိုးပမ်းစွမ်းဆောင်

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် ရောက်ရှိရန် ကြိုးပမ်းအကောင်အထည် ဖော်လျက်ရှိရာတွင် အားကစားအဆင့်အတန်းမြင့်မားရေးကိုလည်း အခြားသောကဏ္ဍများနည်းတူ ဦးစားပေး ဆောင်ရွက်လျက်ရှိသည်။

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့အား အောင်နိုင်ရေးအလံ အပ်နှင်းသည့် အခမ်းအနားကို နိုဝင်ဘာလ ၂၁ရက်နေ့က အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပခဲ့သည်။

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲ၌ အားကစားနည်း၂၅မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၁၈မျိုး၌ အားကစားသမားမောင်မယ် ၂၁၄ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အားကစားအောင်နိုင်မှုသည် နိုင်ငံနှင့်လူမျိုး၏ဂုဏ်သိက္ခာနှင့် ဆက်စပ်နေသည့်အတွက် ပြိုင်ပွဲတိုင်းအနိုင်ရရှိရေး အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် အားကစားသမားအားလုံး၏ ပခုံးထက်တွင် ကျရောက်လျက်ရှိသည်ကို အားကစားသမားတိုင်း ခံယူကြိုးပမ်းသွားကြရမည်ဖြစ်သည်။

သွားရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့သို့ အပ်နှင်းလိုက်သည့် အလံတော်သည် ဂုဏ်ဒြပ်နှင့် အမျိုးသားရေးတာဝန်ကိုပါ ကိုယ်စားပြု နေသည့်အတွက် ခံယူချက်အပြည့်ဖြင့် ပြိုင်ပွဲတိုင်းတွင် နိုင်ငံတော်၏အောင်လံ လွှင့်ပျံနေရန် အစွမ်းကုန် ယှဉ်ပြိုင်သွားကြရမည်ဖြစ်သည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများသည် အမူအကျင့်နှင့် ပင်ကိုစွမ်းရည်များကို ဖော်ထုတ် ယှဉ်ပြိုင်သွားကြရမည်ဖြစ်ပြီး အားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် အသန့်ရှင်းဆုံး ပါဝင်ဆင်နွှဲ ယှဉ်ပြိုင်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ လူမှုရေးဦးတည်ချက်(၄)ရပ်အနက် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် ဦးတည်ချက်နှင့်အညီ နိုင်ငံတော်၏အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် တိုက်ရိုက်ပတ်သက်နေသော ဦးတည်ချက်ဖြစ်ရာ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမား များအဖြစ် နိုင်ငံ့ဂုဏ်ကို စွမ်းဆောင်မြှင့်တင်ပေးကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တွံတေးမြို့နယ်၌ နိုင်ငံသားအရည်အချင်းပြည့်မီသူများ နိုင်ငံသားကတ်နှင့် အိမ်ထောင်စုစာရင်းများ ပေးအပ်

ရန်ကုန် နိုဝင်ဘာ ၂၃

တွံတေးမြို့နယ်အတွင်းရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ခြင်းနှင့် ဥပဒေနှင့်ညီညွတ်သူများအား အိမ်ထောင်စုစာရင်းပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ၂၁ရက် နံနက် ၉နာရီခွဲက တွံတေးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရန်ကုန်တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးလှဒေါင်း၊ ခရိုင်ဦးစီးဌာနမှူးနှင့် မြို့နယ်ဦးစီးဌာနမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ထုတ်ပေး

အခမ်းအနားတွင် ညွှန်ကြားရေးမှူး ဦးလှဒေါင်းက နိုင်ငံသားလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၅၇၅ကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း ၂၈၃ စု ထုတ်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (ခရိုင်လဝက)**

မြဝတီရုပ်မြင်သံကြား

၂၄-၁၁-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၇။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လျှပ်တစ်ပြက်
၄း၁၅	၄။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅	၅။	အင်္ဂလိပ်စာသုတ
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၁၅	၈။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၂။	လျှပ်တစ်ပြက်
၆း၄၀	၁၃။	ကလေးတို့ကမ္ဘာ
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်ထဲကပန်းတစ်ပွင့်** (အပိုင်း-၂၁)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု ဆောက်လုပ်ရေးရဲ့စွမ်းအားညီ ခေတ်မီနိုင်ငံတော်သစ်ဆီ
	၂၀။	ဟာသရုပ်စုံ
	၂၁။	တစ်လအတွင်း အကြိုက်ဆုံး ဗွီစီဒီတေးများ
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လှူငယ်ပေါင်းချိန်** (တတိယတွဲ) (အပိုင်း-၂၉)

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်သော မြင်ကွန်းကျေးရွာနှင့် ရှားဖောင်းကန် ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသက်ထွန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးကျော်ခိုင်ထွန်းတို့ ကွင်းဆင်းကြပ်မတ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြိတ် အလက(၂) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၃

မြိတ်မြို့ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ကျင်းပမည်ဖြစ်ရာ စာသင်နှစ်ကန့်သတ်ချက်မရှိဘဲ ကျောင်းတော်ကြီးတွင် ပညာသင်ကြားခဲ့ကြပြီးသူ ကျောင်းသား ကျောင်းသူဟောင်းများအားလုံးမှ ယနေ့တိုင် သက်ရှိထင်ရှားရှိလျက် သက်ပြည့်အငြိမ်းစားဘဝဖြင့် ရပ်တည်နေကြသော အလက(၂)ကျောင်းတော်ကြီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့နိုင်ရန် ဦးကြင်တိုး(ရန်ကုန်) ဖုန်း-၀၉-၈၀၃၄၃၇၀၊ ၀၁-၂၀၃၁၆၈၊ ဒေါ်မိုမိုအောင်(ရန်ကုန်) ဖုန်း-၀၉-၅၀၄၂၅၄၃၊ ဦးသန်းဌေး(မြိတ်) ဖုန်း-၀၉-၅၆၄၀၃၄၄၊ ဦးသန်းမြင့်(မြိတ်) ဖုန်း-၀၅၉-၄၂၆၅၅နှင့် ဒေါ်သင်းသင်း (မြိတ်) ဖုန်း-၀၅၉-၄၁၅၃၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၃၅)**

နေပြည်တော် မြန်မာ့အသံ

(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)

(၂၅-၁၁-၂၀၀၉)

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော် **ဓဇဂ္ဂသုတ်** ဓမ္မပူဇာတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန် + သတင်း ဆောင်းပါး
၈း၁၀	နံနက်ခင်းတေးပဒေသာ
၉း၀၀	<u>အစီအစဉ်ပြီး၏။</u>
၁၀း၀၀	အမှတ်တရတေးလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	ထူးဆန်းထွေလာဉာဏ်မြေကမ္ဘာ(၁၅) နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	ဆိုကြပျော်ရွှင်တေးသံစဉ်(၄၇) တေးပဒေသာ
၁၂း၀၀	စံတော်ချိန် နေ့လယ်ခင်းတေးပဒေသာ
၁၂း၂၅	ဇာတ်လမ်းပမာနားဆင်စရာ **တက်ကျိုးရင် လက်ထိုးလှော်မယ်**
၁၂း၄၅	တေးပဒေသာ
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	တေးပဒေသာ
၁၃း၃၀	<u>အစီအစဉ်ပြီး၏။</u>
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀	ဆောင်းပါး
၁၆း၃၀	စစ်သည်အတွက် တေးလက်ဆောင်
၁၇း၀၀	ခံတွင်းမြိန်စရာ သူ့လက်ရာ (ဝက်သားနဲ့ ပိန္နဲသီးနှပ်)
၁၇း၁၀	ခံစားနားဆင်မြန်မာတေးသံစဉ်
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၀	တေးပဒေသာ
၁၈း၀၀	ညနေခင်းသတင်း
၁၈း၁၀	ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်
၁၈း၂၀	ကျေးလက်ဇာတ်လမ်း **ဆောင်းနှင့်အတူ**
၁၈း၃၀	တူယှဉ်သီကြွေးစုံတွဲတေး
၁၉း၀၀	နိုင်ငံတကာသတင်း
၁၉း၀၅	သံစဉ်တေးသွား မေတ္တာစကား နိုင်ငံရေးဦးတည်ချက်
၁၉း၁၅	အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ခင်ညွန့်ရီ)
၁၉း၃၀	တေးပဒေသာ
၂၀း၀၀	ပြည်တွင်းသတင်း စီးပွားရေးဦးတည်ချက်
၂၀း၂၀	တေးပဒေသာ
၂၀း၅၀	ကျန်းမာရေးရာသိကောင်းစရာ (နှစ်ခြိုက်စွာ အိပ်စက်ခြင်းဖြင့် အားအင်အသစ်တွေရယူကြမယ်) လူမှုရေးဦးတည်ချက်
၂၁း၀၀	ခံစားနားဆင်မြန်မာတေးသံစဉ်
၂၁း၃၀	ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀	အစီအစဉ်ပြီး၏။

တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ဟံသာဝတီ ၂၂ လမ်း အမှတ် ၅၀ နေ ဒေါ်အုန်းကြည်နှင့် သားသမီး၊မြေးတစ်စုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဇာဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်း အုပ်ချုပ်ရေးမှူး ဦးပြုံး လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲ တောင်ကုတ်မြို့နယ်တွင် ကျင်းပမည်

တောင်ကုတ် နိုဝင်ဘာ ၂၃

တောင်ကုတ်မြို့မှ မြို့မိမြို့ဖတစ်ဦးဖြစ်သည့် စေတနာရှင် ဦးကျော်တောင်-ဒေါ်အုန်းကြည်(ခ)မချေ မိသားစုပံ့ပိုးကူညီမှုဖြင့် အထူးကုဆရာဝန်ကြီးများသည် ဒီဇင်ဘာ ၁ရက်မှစ၍ တောင်ကုတ်မြို့၌ အခမဲ့ဆေးဝါးကုသပေးမည်ဖြစ်သည်။

ဟောပြောမည်

ထို့ပြင် တောင်ကုတ်မြို့နှင့် ဝန်းကျင်ကျေးရွာများဖြစ်သည့် ရွာမ၊ ကင်းတောင်၊ ပဒင်းနှင့် လမူးကျေးရွာများတွင် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲများကို ဒီဇင်ဘာ ၇ရက်မှ စတင်ကျင်းပမည်ဖြစ်ရာ စာရေးဆရာ ဒါရိုက်တာမောင်နေမျိုး၊ နှမ်ဂျာသိုင်း၊ မြတ်ဆွေ၊ အဏ္ဏဝါစိုးမိုး၊ ဂီတာဖေဝင်းနှင့် ဆရာမသန်းမြင့်အောင်တို့က ဟောပြောကြမည်ဟု သိရသည်။ ***(မြန်မာ့အလင်း)***

24-11 (02).pmd 1 11/24/2009, 12:59 PM

ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့်အား ဧည့်သည်အဖွဲ့ တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၃

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား Managing Director of Programme Delivery at Global Alliance for Vaccine and Immunization (GAVI) Alliance Secretariat Dr. Mercy Ahun နှင့် South East Asia Programme Delivery Team, Senior Program- me Manager Dr. Ranjana Kumar တို့သည် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်ရုံးမှ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းတာဝန်ခံဆရာဝန် Dr. Raijendra Bohara နှင့် Public Health Administrator Ms Margareta Skold တို့ လိုက်ပါလျက် ယနေ့ နံနက် ၁၀နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကျန်းမာရေးဝန်ကြီးဌာန အခြေခံကျန်းမာရေး ဝန်ထမ်းများ၏ စွမ်းဆောင်ရည် အရည်အသွေးမြှင့်တင်ရန် ဆောင်ရွက်မည့်လုပ်ငန်းများ၊ ကျေးလက် ကျန်းမာရေးဌာနခွဲများ၊ ကျေးလက်ကျန်းမာရေးဌာနများနှင့် တိုက်နယ်ဆေးရုံ အဆောက်အအုံများ အဆင့်မြှင့်တင်ရန် ငါးနှစ်စာ ရန်ပုံငွေ အထောက်အပံ့ပေးမှုနှင့် မြန်မာနိုင်ငံ၏ တိုးချဲ့ကာကွယ်ဆေးထိုး လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရန် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ဝန်ကြီးက ဆက်လက်ပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်အရ ကလေးသူငယ် သေဆုံးမှုနှုန်းနှင့် မီးဖွားမိခင် သေဆုံးမှုနှုန်း ကျဆင်းရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် GAVI အနေဖြင့် ကလေးသူငယ် သေဆုံးမှုနှုန်း ကျဆင်းရေးနှင့် မီးဖွားမိခင်သေဆုံးမှုနှုန်း ကျဆင်းရေးအတွက် အဓိကလိုအပ်ချက်များ ကူညီထောက်ပံ့ပေးနေသည်ကို ကျေးဇူးတင်ပါကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာကြည့်တိုက်များ စံ(၅)ရပ်နှင့် ပြည့်စုံရေး ပေါင်မြို့နယ်တွင် ဆွေးနွေး

ပေါင် နိုဝင်ဘာ ၂၃

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် စံ(၅) ရပ်နှင့် ပြည့်စုံသည့် စာကြည့်တိုက်များ ဖြစ်ပေါ်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၁ရက် နံနက် ၉နာရီက ကျခတ်ငူကျေးရွာ ပညာဗိမာန်စာကြည့်တိုက်၌ကျင်းပရာ ကျခတ်ငူကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကြည်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးက ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် စံ(၅)ရပ်အကြောင်းကို ရှင်းလင်းဟောပြောသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချိထား

ရန်ကုန် နိုဝင်ဘာ ၂၃

‘ပုဂ္ဂလိကဆေးရုံ ဆေးခန်းများတွင် ပါမောက္ခဆရာဝန်ကြီးများရဲ့ အမည်ကို ပြောဆို အသုံးပြုပြီး ငွေကြေးလိမ်လည်တောင်းခံမှုများရှိနေသဖြင့် သတိထားရန်လို၊ မကြာသေးမီက အသည်းအထူးကုဆရာဝန်ကြီး ဦးသံစစ်အမည်သုံး၍ ငွေလိမ်ယူတောင်းခံမှုပေါ်ပေါက်ခဲ့’ သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ် (၄)ကို ယနေ့ဖြန့်ချိထားသည်။

မြန်မာ့ငါးမြစ်ချင်းများကို အရှေ့အလယ်ပိုင်းဒေသနိုင်ငံများသို့ တင်ပို့ရောင်းချမည်၊ ပေါ့လျော့မှုကြောင့် အသက်အရွယ်မရွေးသေဆုံးနိုင်တဲ့ သွေးလွန်တုပ်ကွေး၊ လှိုင်သာယာမြို့နယ် ရှမ်းချောင်းကျေးရွာတွင် အိမ် ၁၇လုံးမီးလောင်၊ မူဆယ်နှင့် ယူနန်ပြည်နယ် ကျိုပေါက်မြို့အကြား မီးရထားလမ်းဖောက်လုပ်မည်၊ ဟွန်ဒိုင်းကုမ္ပဏီ ဓာတ်ငွေ့ပိုက်လိုင်းဆောက်လုပ်ခွင့်ရရှိ၊ ကလပ်အသင်းကစားသမားနှင့် အမြတ်ခွန်၊ သဘာဝရေနံ Oil Shale များမှ ရေနံစိမ်းများ ထုတ်ယူသုံးစွဲနိုင်ဟုဆို၊ ရွှေဂုံတိုင်လမ်းမကြီးမှ မောင်းသူမဲ့ယာဉ်တိုက်မှု အမျိုးသမီးတစ်ဦး ပွဲချင်းပြီးသေဆုံး၊ Fantasy World ဖျက်သိမ်းလိုက်သည့် မြေနေရာတွင် စည်ပင်ပိုင် အားကစားကွင်း ပြုလုပ်မည်၊ ကြာသပတေးဂြိုဟ် အပြောင်းအလဲ၏ အကျိုးဆက်များ၊ ငွေဆောင်ဗုန်ဟိုတယ်အားလုံးကိုခြုံ၍ Website တင်မည်၊ မိုက်ကယ်လန်း တေးဂီတအဖွဲ့ မြန်မာပြည်သို့ လာရောက်ဖျော်ဖြေမည့် အစီအစဉ်အား ဒီဇင်ဘာ ၁၈ရက်တွင် အတည်ပြုမည် လာမည် မလာမည် မသေချာသေး၊ နောက်ဖေးလမ်းကြားနှင့် တိုက်တွေပေါ်ကနေ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ပါက ဒဏ်ငွေကျပ်ငါးသောင်းမှ ငွေကျပ်တစ်သိန်း ပေးဆောင်ရမည်၊ ရန်ကုန်တိုင်းအတွင်း လျှပ်စစ်မီးအပြည့်အဝရရှိစေရန် မုတ္တမပင်လယ်ပြင်မှ ရန်ကုန်တိုင်းအတွင်းသို့ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းအသစ် စတင်အကောင်အထည်ဖော်နေ၊ မြန်မာနိုင်ငံမှ ထွက်ရှိသောဆန်များကို ကူဝိတ်နိုင်ငံအပြင် အခြားနိုင်ငံများသို့ ဈေးကွက်အသစ်ချဲ့တင်ပို့လျက်ရှိ၊ ဒီဇင်ဘာ ၁၆ ရက်တွင် အပေ့ါစားပြိုင်ကားမောင်းပြိုင်ပွဲ ကျင်းပမည်၊ တက္ကစီအငှားယာဉ်လုယက်မှု ကျူးလွန်သူနှစ်ဦးကို သက်သေခံယာဉ်နှင့်အတူ ဖမ်းဆီးရမိ၊ ၂၀၄ယာဉ်လိုင်းပေါ်ပျောက်တဲ့ ၁၀၀၀တန်အုပ်၊ ရန်သူတိုက် လေယာဉ်များ အီရန်လေကြောင်းရန် ကာကွယ်ရေးစနစ်မှ လွတ်မြောက်ခဲ့သော်လည်း ၎င်းတို့၏စစ်စခန်းမှာ အီရန်၏မြေပြင်မှ မြေပြင်ပစ် ဒုံးပျံများဖြင့် ချေမှုန်းခြင်းခံရမည်ဟု အီရန်ကာကွယ်ရေးဝန်ကြီး ကြုံးဝါး၊ အစ္စရေးက ယခုတစ်ကြိမ် ကျူးကျော်လာလျှင် ဟားမာ့စ်များက အစ္စရေး၏ အရေးပါသည့် နေရာများအားလုံး ဒုံးကျည်ဖြင့်ပစ်မည်ဟု ခြိမ်းခြောက်၊ ကိုလံဘီယာနှင့် စစ်ပွဲအတွက်ပြင်ဆင်ကြရန် ဗင်နီဇွဲလားသမ္မတက တိုက်တွန်းစသည့်နောက်ဆုံးရ ပြည်တွင်း၊ ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိထားသည်။ မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည်။ **(သတင်းစဉ်)**

မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ကျေးလက် လမ်း၊ တံတားမွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းဖြစ်သည့် ဘော်ဗဒန်း-ပြောင်းပြင်-ကျောက်ဆောင် ကျေးရွာချင်းဆက်လမ်းပြုပြင်မွမ်းမံခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးပြည်စိုး ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိုင်းဇော်ဇော်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

● **ရှေ့ဖုံးမှ**

ယင်းကဲ့သို့ တည်ဆောက်ဖွင့်လှစ်ပေးခဲ့ခြင်းဖြင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာကာ စိတ်အေးချမ်းမြေ့လုံခြုံစွာဖြင့် ကူးလူးဆက်သွယ်သွားလာနိုင်ကာ ကုန်စည်ကူးသန်းရောင်းဝယ်မှုများလည်း ဖွံ့ဖြိုးလာလျက်ရှိသည်။ မြစ်ကူးတံတားကြီးများ ဤကဲ့သို့ တစ်စင်းပြီးတစ်စင်း အစီအရီပေါ်ထွန်းလာသည်မှာ နိုင်ငံသားတို့၏ အနာဂတ်အတွက် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများကို ဖော်ဆွန်းနေသည့် နိုင်ငံတော်၏ စေတနာပင်ဖြစ်သည်။

ပေါင်းကူး

ဧရာဝတီတံတား (ရတနာပုံ)သည် ဧရာဝတီမြစ်ကိုဖြတ်၍ မန္တလေးတိုင်း အမရပူရ မြို့နယ်နှင့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ကို ဆက်သွယ်ပေါင်းကူးကာ နိုင်ငံ၏အရှေ့၊ အနောက်၊ တောင်နှင့်မြောက်၌ ရှိကြသည့် ပြည်နယ်နှင့်တိုင်း ဒေသအသီးသီး၏ ဆက်သွယ်ဆက်ဆံရေးတွင် အဓိကဆက်ကြောင်း နေရာတစ်ခုပင် ဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် ဖော်ပြလိုက်ရပါသည်။ ။ ***(မြန်မာ့အလင်း)***

Fujixerox အမှတ်တံဆိပ် မိတ္တူကူးစက်များ၊ ပရင်တာနှင့် Garmin အမှတ်တံဆိပ် GPS ပစ္စည်းများ အရောင်းမြှင့်တင်မည်

ရန်ကုန် နိုဝင်ဘာ ၂၃

CONCORDIA Co., Ltd.က Fujixerox အမှတ်တံဆိပ် မိတ္တူကူးစက်များ၊ ပရင်တာများနှင့် Garmin အမှတ်တံဆိပ်GPS ပစ္စည်းများ အရောင်းမြှင့်တင်ခြင်းကို နိုဝင်ဘာ ၂၅ရက်မှ ၂၇ရက်အထိ နံနက် ၉နာရီမှ ညနေ ၅နာရီအထိ မန္တလေး၊ နေပြည်တော်၊ရန်ကုန်ရှိ CONCORDIA Show Room များ၌ တစ်ပြိုင်နက်တည်း အရောင်းမြှင့်တင်ခြင်း အခမ်းအနား ကျင်းပမည်ဖြစ်သည်။

Fujixerox အမှတ်တံဆိပ် မိတ္တူကူးစက်များသည် နည်းပညာမြင့်ပစ္စည်းများဖြင့် အသုံးပြု ထုတ်လုပ်ထားခြင်းကြောင့် ကြာရှည်အသုံးခံပြီး ပရင့်ထုတ်ရာတွင် ကာလာအဖြူအမည်းပုံများကို ကြည်လင်ပြတ်သား အရည်အသွေးကောင်းမွန်စွာ ထုတ်ယူနိုင်သည်။ CONCORDIA Ltd.မှ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိ ရောင်းချသော Fujixerox အမှတ်တံဆိပ် မိတ္တူကူးစက်များ ပရင်တာများကို ဝယ်ယူအားပေးသော မိတ်ဟောင်းမိတ်သစ်များအား ကျေးဇူးတင်ရှိသောအားဖြင့် Promotion ကာလအတွင်း ၅ရာခိုင်နှုန်း မှ ၁၀ရာခိုင်နှုန်းအထိ ဈေးနှုန်းလျှော့ချ၍ ရောင်းချပေးသွားမည်ဖြစ်သည်။

ထည့်သွင်းပေး

Garmin GPS များသည် ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း ဘက်စုံ အသုံးပြုနိုင်သည့်အပြင် သတ္တုရှာဖွေရေး၊ ရေနံရှာဖွေရေး၊ လမ်းအူကြောင်း ရှာဖွေသောလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ရေကြောင်း၊မြစ်ကြောင်းတိုင်းတာမှုလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်းနှင့် လေကြောင်းဆိုင်ရာလုပ်ငန်းများတွင် များစွာအသုံးပြုနိုင်သည်။ Garmin GPS များသည် မြန်မာဘာသာဖြင့် တိုက်ရိုက်အသုံးပြုနိုင်သည့်အပြင် မိမိသွားလိုသောနေရာကို စက္ကန့်ပိုင်းအတွင်း လျင်မြန်စွာဖော်ပြနိုင်ပြီး မှန်ကန်စွာတွက်ချက်ပေးနိုင်သည့် တစ်ကမ္ဘာလုံး မြေပုံအပြင် မြန်မာနိုင်ငံမှ မြို့ကြီး ၂၅မြို့ကိုလည်း လက်ကိုင်ဖုန်းအတွင်းသို့ပါ ဈေးနှုန်းချိုသာစွာ ထည့်သွင်းပေးလျက်ရှိသည်။ Garmin GPS ဝယ်ယူသူများကိုလည်း Promotion ကာလအတွင်း ၇ရာခိုင်နှုန်း လျှော့ချရောင်းချသွားမည့်အပြင် အထူးအစီအစဉ်ဖြင့် ဝန်ကြီးဌာနများ၊ တပ်မတော်သားများ၊ NGO များကိုလည်း ဌာန၏ထောက်ခံချက်ဖြင့် ဝယ်ယူသူအားလုံးကို ၁၀လုံးဝယ်လျှင် တစ်လုံး မေတ္တာလက်ဆောင်ပေးမည်ဖြစ်သည်။

အသေးစိတ် သိရှိလိုပါက ရန်ကုန်မြို့တွင် ရွှေဂုံပလာဇာ ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် ဖုန်း-၀၁-၅၄၄၈၂၄၊ ၅၅၈၁၇၀၊ ၅၄၀၀၂၆၊၀၉-၅၀-၀၅၉၁၂၊ ဖက်စ် ၅၄၄၁၉၉၊ မန္တလေးတွင် SY အဆောက်အအုံ လမ်း ၃၀ ၇၇လမ်းနှင့် ၇၈လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂-၃၆၄၇၈၊ ၆၉၃၀၃၊ ၀၉-၅၀-၆၇၁၇၂၊ နေပြည်တော်တွင် အမှတ်(၁၄၄) သီရိရတနာ အဆင့်မြင့်ဈေး ဖုန်း-၀၆၇-၄၂၀၈၁၉၊ ၄၂၁၃၆၂ တို့သို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်တော‌မြို့၌ အောင်မင်္ဂလာဓမ္မာရုံဖွင့်

ရပ်စောက် နိုဝင်ဘာ ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) အင်တော‌မြို့ အမှတ်(၄)ရပ်ကွက်၌ နိုဝင်ဘာ ၁ရက်က စေတနာရှင်များ စုပေါင်းပြီး ကိုယ့်အားကိုယ်ကိုး တည်ဆောက်သည့် အောင်မင်္ဂလာဓမ္မာရုံဖွင့်ပွဲ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အဆိုပါ အောင်မင်္ဂလာဓမ္မာရုံကို မြို့နယ်အုပ်ချုပ်ရေးမှူး၏ ကြီးကြပ်မှုဖြင့် စေတနာရှင်များ စုပေါင်းပြုပြင် မွမ်းမံတည်ဆောက်ခဲ့ရာ ဗိုလ်မှူးကျော်ကျော်နိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**
(မြို့နယ် ပြန်/ဆက်)

အုတ်တွင်း အထက မြတ်ဆရာပူဇော်ပွဲကျင်းပမည်

အုတ်တွင်း နိုဝင်ဘာ ၂၃

အုတ်တွင်း အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြတ်ဆရာပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက ခန်းမဆောင်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာကြီး ဆရာမကြီးများနှင့် အဝေးရောက် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးခင်မောင်ဝင်း ဖုန်း-၀၉-၅၂-၁၀၆၈၅၊ ဦးကျော်ဝင်း ဖုန်း-၀၉-၅၃-၅၂၄၆၃နှင့် ဒေါ်သောင်းသောင်းဝင်း ဖုန်း-၀၉-၅၃-၅၂၄၉၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။
(မြို့နယ် ပြန်/ ဆက်)

(၈၉)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကျင်းပ

ဝမ်းတွင်း နိုဝင်ဘာ ၂၃

(၈၉)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နိုဝင်ဘာ ၁၁ရက် နံနက် ၉ နာရီက ဝမ်းတွင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပရာ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌထံမှ ပေးပို့သော (၈၉)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို ဝမ်းတွင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူရက ဖတ်ကြားပြီး အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ အထက်တန်းဆင့်နှင့် အလယ်တန်းဆင့်တွင် ဆုရရှိသူများအား မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူရနှင့် မြို့နယ်ပညာရေးမှူးတို့က ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

အာဖဂန်၌ ကန်တပ်ဖွဲ့ဝင်လေးဦး တိုက်ခိုက်ခံရ၍ ၂၄နာရီအတွင်း သေဆုံး

ကဘူးလ် နိုဝင်ဘာ ၂၃

အာဖဂန်နစ္စတန်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင်လေးဦးသည် နိုဝင်ဘာ ၂၃ရက်က ဗုံးခွဲတိုက်ခိုက်ခံရ၍ ၂၄နာရီအတွင်း သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးသည် နိုဝင်ဘာ ၂၂ရက် ညနေပိုင်းတွင် ဗုံးခွဲတိုက်ခိုက်ခံရ၍ သေဆုံးခဲ့ပြီး အခြားတစ်ဦးမှာ နိုဝင်ဘာ ၂၃ရက် နံနက်ပိုင်း၌ ပစ်ခတ်ခံရသဖြင့် သေဆုံးခဲ့ခြင်းဖြစ်သည်။

ပါကစ္စတန်တပ်များ ထိုးစစ်ဆင်တိုက်ခိုက် တာလီဘန် ၂၂ ဦး သေဆုံးခဲ့

ဟန်ဂူ (ပါကစ္စတန်) နိုဝင်ဘာ ၂၃

ပါကစ္စတန် အနောက်မြောက်ပိုင်းရှိ တာလီဘန်များ အခြေစိုက်ရာနေရာများကို ပါကစ္စတန်လုံခြုံရေးတပ်များက တင့်ကားနှင့်အမြောက်များ အသုံးပြုချေမှုန်းတိုက်ခိုက်ခဲ့သဖြင့် တာလီဘန် ၂၂ဦးသေဆုံးခဲ့ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့ဝင်တစ်ဦးက နိုဝင်ဘာ ၂၃ရက်တွင် ပြောကြားသည်။

ဘဂ္ဂဒက်၌ တိုက်ခိုက်မှုများဖြစ်ပွားဆဲ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၃

အီရတ်နိုင်ငံတွင် နိုဝင်ဘာ ၂၃ရက်က အကြမ်းဖက်မှုများဖြစ်ပွားခဲ့ရာ မြို့တော် ဘဂ္ဂဒက်၌ သေနတ်သမားများပစ်ခတ်မှုကြောင့် ဆွန်နီအဖွဲ့ဝင် ဒေါက်တာဂျမာမူ ဟီအာဘတ် သေဆုံးခဲ့ကြောင်း၊ ထိုအတောအတွင်း ဘဂ္ဂဒက်မြို့လယ်ရှိ စီဒီများ ရောင်းချရာ ဈေးဆိုင်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

လျှပ်စစ်မော်တော်ကား

သြစတြေးလျနိုင်ငံ ဆစ်ဒနီမြို့မှ ထုတ်လုပ်သည့် လျှပ်စစ်မော်တော်ကားကို နိုဝင်ဘာ၂၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်-အာဖရိက ပူးပေါင်းဆောင်ရွက်မှု အပြန်အလှန် အကျိုးခံစားနေကြရ

ပေကျင်း နိုဝင်ဘာ ၂၃

တရုတ်နှင့် အာဖရိကနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုမှာ အောင်မြင်သည့် အခြေအနေကောင်းများဆီသို့ ဦးတည်နေ၍ အပြန်အလှန် အကျိုးခံစားနေကြရပြီဖြစ်ကြောင်း နိုဝင်ဘာ၂၂ရက်တွင် တရုတ်အမျိုးသားစာရင်းအင်းဗျူရိုမှ စီးပွားရေးပညာရှင် ရိုကျင်ယန်က ပြောကြားသည်။

ပြီးခဲ့သည့်ဆယ်စုနှစ်သုံးစုက တရုတ်နိုင်ငံအနေဖြင့် စီးပွားရေးပြုပြင်ပြောင်းလဲပြီး တံခါးဖွင့်ဝါဒ ကျင့်သုံးပြီးနောက် စက်မှုကဏ္ဍ၊ မြို့ပြပုံစံပြုပြင်ပြောင်းလဲမှုနှင့် တစ်ကမ္ဘာလုံးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်တို့တွင် ကြီးမားသည့် အောင်မြင်မှုများရရှိခဲ့ကြောင်း ပေကျင်းမြို့၌ သုံးရက်ကြာကျင်းပသည့် တရုတ်-အာဖရိက စက်မှုဖိုရမ် ဖွင့်ပွဲ၌ ရိုကျင်ယန်က ပြောကြားသည်။

ပြောကြား

တရုတ်နိုင်ငံ၏ စီးပွားရေး အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမှုမှာ အာဖရိကနိုင်ငံများအတွက် စီးပွားရေး အခွင့်အလမ်းများစွာ ရရှိစေမည့် အဓိပ္ပာယ်ဖြစ်ကြောင်း ရိုက ထပ်လောင်း ပြောကြားသည်။

ဖြေရှင်းနိုင်

ဤတရုတ်-အာဖရိကစက်မှုဖိုရမ်က စက်မှုကဏ္ဍတွင် တရုတ်နှင့် အာဖရိကနိုင်ငံများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်သွားနိုင်မှာဖြစ်ကြောင်း၊ ကမ္ဘာ့စီးပွားရေးကျဆင်းမှု ပြဿနာကိုလည်း ပူးပေါင်းကူညီဖြေရှင်းနိုင်မည်ဖြစ်ကြောင်း ၄င်းက ပြောကြားသည်။ **(အင်တာနက်)**

ရာသီဥတုပြောင်းလဲမှုဒဏ် အာဖရိကတိုက် အများဆုံးခံရမည်ဟုဆို

အဒစ္စအာဘာဘာ နိုဝင်ဘာ ၂၃

အာဖရိကတိုက်သည် ကမ္ဘာကြီးပူနွေးလာမှုနှင့်ပတ်သက်၍ ရန်ပုံငွေထည့်ဝင်မှု အလွန်အမင်းနည်းနေသော်လည်း ရာသီဥတုပြောင်းလဲမှု၏ဒဏ်ကို အများဆုံးခံနေရကြောင်း အီသီယိုးပီးယားဝန်ကြီးချုပ် မီလက်စ်ဇီနာဝီက နိုဝင်ဘာ ၂၁ရက်တွင် ပြောကြားသည်။

ဆောင်ရွက်နိုင်မည်မဟုတ်

ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ကျရေးအတွက် ဖွံ့ဖြိုးပြီးနိုင်ငံများ အားထုတ်လုပ်ဆောင်မှုမရှိလျှင် အာဖရိကတိုက်သည် ရာသီဥတုပြောင်းလဲမှုဒဏ်ကို လျှော့နည်းသွားစေရန် မည်သည့်နည်းနှင့်မျှ တစ်ဦးကောင်းတစ်ယောက်ကောင်း ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း အီသီယိုးပီးယားမြို့တော် အဒစ္စအာဘာဘာ၌ ကျင်းပသည့် တတိယအကြိမ် အမျိုးသားလူငယ်ညီလာခံတွင် မီလက်စ်ဇီနာဝီက ပြောကြားသည်။ ရာသီဥတုပြောင်းလဲမှုသည် အာဖရိကဖွံ့ဖြိုးတိုးတက်ရေးကို ကြီးစွာခြိမ်းခြောက်နေပြီဖြစ်ကြောင်း၊ အာဖရိကတိုက်သည် ကမ္ဘာ့ဖန်လုံအိမ် အာနိသင် ဓာတ်ငွေ့ထုတ်လွှတ်မှု သုံးရာခိုင်နှုန်းပင် မပြည့်သည့်တိုင်အောင် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ပြင်းပြင်းထန်ထန် ခံစားရဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။ **(အင်တာနက်)**

ကမ္ဘာလှည့် တောင်တက်သမားအဖွဲ့

တူရကီနိုင်ငံ အရှေ့မြောက်ပိုင်း ရိဒ်ပြည်နယ် အိုဗစ်တောင်ပေါ်၌ ကမ္ဘာလှည့် တောင်တက်သမားအဖွဲ့အား နိုဝင်ဘာ ၂၃ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဒါကာမြို့ ဆင်ခြေဖုံး၌ မီးလောင် အိမ် ၇၀၀ကျော်ပျက်စီး

ဒါကာ နိုဝင်ဘာ ၂၃

ဘင်္ဂလားဒေ့ရှ်နိုင်ငံမြို့တော် ဒါကာမြို့ ဆင်ခြေဖုံးမှ ရထားလမ်းတစ်လျှောက်ရှိ လူနေထူထပ်သော ဆင်းရဲသားရပ်ကွက်၌ နိုဝင်ဘာ ၂၂ရက် နံနက်စောစောပိုင်းတွင် မီးလောင်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး အိမ်၇၀၀ကျော်မီးလောင်ပျက်စီးသွားကြောင်း ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံးသွားသူ အမျိုးသမီးမှာ မီးလောင်မည့်အန္တရာယ်ကို ရှောင်တိမ်းပြေးလွှားနေစဉ် ခုတ်မောင်းလာသောရထားနှင့် တိုက်မိပြီး သေဆုံးခဲ့ခြင်းဖြစ်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

(အင်တာနက်)

အီရန်နှင့် တူရကီကုန်သွယ်မှုတိုးမြှင့်ရန် သမ္မတဒီနီဂျက် တိုက်တွန်းနှိုးဆော်

တီဟီရန် နိုဝင်ဘာ ၂၃

အီရန်နှင့် တူရကီနှစ်နိုင်ငံအကြား ကုန်သွယ်ရေးတိုးမြှင့်အကောင်အထည်ဖော်ရန် နိုဝင်ဘာ၂၀ရက်တွင် အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်က နှိုးဆော်တိုက်တွန်းလိုက်ကြောင်း အိုင်အာရ်အင်န်အေ နယူးစ်အေဂျင်စီက သတင်းထုတ်ပြန်သည်။

အီရန်နိုင်ငံ အနောက်မြောက်ပိုင်း တပ်ရီဒ်မြို့၌ ဧည့်သည်တော် တူရကီနိုင်ငံခြားရေးဝန်ကြီး အာမက်ဒူတိုဂူလ်နှင့် တွေ့ဆုံစဉ် အီရန်သမ္မတက အထက်ပါအတိုင်း ထုတ်ဖော်တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

ဖြစ်လာနိုင်

မိမိတို့နှစ်နိုင်ငံအနေဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အဓိကကုန်သွယ်ဖက်နိုင်ငံများ ဖြစ်လာနိုင်သည်ဟုလည်း ၄င်းကထည့်သွင်းပြောကြားသည်။

အပြန်အလှန်

ထို့ပြင် အီရန်နှင့် တူရကီနှစ်နိုင်ငံ ကုန်သွယ်ရေးဆက်ဆံမှုကို ညှိနှိုင်းဆောင်ရွက်လျှင် အပြန်အလှန်အကျိုးဖြစ်ထွန်းနိုင်ကြောင်းအီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်က ပြောကြားသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်နိုင်ငံ ခို့စ်မြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးရရှိရေး ဘရာဇီး တိုးမြှင့်ဆောင်ရွက်မည်

ဆာဗာဒေါ နိုဝင်ဘာ ၂၃

အရှေ့အလယ်ပိုင်းတွင် ငြိမ်းချမ်းရေးရရှိရေးအတွက် မိမိ၏အခန်းကဏ္ဍကို တိုးမြှင့်ဆောင်ရွက်နေသော ဘရာဇီးနိုင်ငံက ပါလက်စတိုင်း ယာယီသမ္မတ မာမွတ်အဘတ်စ်ကို ဧည့်ခံကြိုဆိုကြောင်း သတင်းရရှိသည်။

ဘရာဇီးသမ္မတ လူဝစ်အင်နာစီယို လူလာဒါဆီလ်ဗာသည် ဘရာဇီးနိုင်ငံသို့ နှစ်ရက်ကြာလာရောက်လည်ပတ်နေသည့် ပါလက်စတိုင်း ယာယီသမ္မတ မာမွတ်အဘတ်စ်အား နိုဝင်ဘာ ၁၉ရက်က လက်ခံကြိုဆိုခြင်းဖြစ်သည်။

လက်ခံကြိုဆို

မာမွတ်အဘတ်စ်သည် ဘရာဇီးသို့ လာရောက်စဉ် မော်ရိုကိုနိုင်ငံသို့ ခေတ္တဝင်ရောက်ခဲ့သည်။ သူသည် ဘရာဇီးနိုင်ငံမှ အာဂျင်တီးနားနှင့် ချီလီနိုင်ငံများသို့ သွားရောက်လည်ပတ်မည်ဖြစ်သည်။ **(အင်တာနက်)**

အင်ဒိုနီးရှား၌ ကူးတို့သင်္ဘော နစ်မြုပ်

ဂျကာတာ နိုဝင်ဘာ ၂၃

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားပြည်နယ် ကမ်းရိုးတန်း၌ နိုဝင်ဘာ ၂၂ ရက်က ခရီးသည် ၂၀၀ ကျော် တင်ဆောင်လာသည့် ကူးတို့သင်္ဘောနစ်မြုပ်ရာ ခရီးသည်၂၃ဦး သေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ဘာတမ်ကျွန်းမှ ဆူမတြားပြည်နယ် ဒူမာမြို့သို့ ကူးတို့သင်္ဘောခုတ်မောင်းလာစဉ် ရာသီဥတုဆိုးရွားမှုနှင့် လှိုင်းလုံးကြီးများ ရိုက်ခတ်မှုကြောင့်နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကယ်ဆယ်ရေး အဖွဲ့ဝင်များက ခရီးသည် ၁၇၈ဦးအားကယ်ဆယ်နိုင်ခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နည်းဥပဒေများ တောင်ကိုရီးယား လျှော့ပေါ့ပေးမည်

ဆိုးလ် နိုဝင်ဘာ ၂၃

တောင်ကိုရီးယားအစိုးရသည် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ကြိုးပမ်းမှုတစ်ရပ်အဖြစ် ပြည်တွင်းခရီးသွားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများနှင့် နိုင်ငံခြားသားများ လာရောက်ခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ၂၀၂၀ခုနှစ်တွင် လျှော့ပေါ့ပေးရန် စီစဉ်လျက်ရှိကြောင်း အမျိုးသားကျန်းမာရေးဝန်ကြီးက ပြောကြားသည်။

လိုအပ်

နိုင်ငံရပ်ခြား ခရီးသွားဦးရေသည် ယခုနှစ်အတွင်း၌ ၁၅ရာခိုင်နှုန်း မြင့်တက်လာခဲ့သဖြင့် ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုများ လိုက်လျောညီထွေရှိသည့် မဟာဗျူဟာများချမှတ်ရန် လိုအပ်ကြောင်း ယဉ်ကျေးမှုဝန်ကြီးက ပြောကြားသည်။

၂၀၁၀ခုနှစ်မှ ၂၀၁၂ခုနှစ်အထိ ကာလကို ကိုရီးယားခရီးသွားနှစ်အဖြစ် သတ်မှတ်ကာ ရိုးရာပွဲတော်ခုနစ်ပွဲကျင်းပရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

(အင်တာနက်)

ကန်ဒါဟာ၌ လမ်းဘေးဗုံးပေါက်ကွဲ အပြစ်မဲ့ ကလေးငယ်နှစ်ဦးသေဆုံး

ကဘူးလ် နိုဝင်ဘာ ၂၃

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်တွင် နိုဝင်ဘာ၂၁ရက်က လမ်းဘေးဗုံး ဖောက်ခွဲတိုက်ခိုက်မှုကြောင့် ကလေးငယ်နှစ်ဦးသေဆုံးပြီး တံတားတစ်စင်းလည်း ပျက်စီးသွားသည်။

ဗုံးပေါက်ကွဲ

ယင်းတိုက်ခိုက်မှုမှာ ကန်ဒုတ်အဝေးပြေးလမ်းမကြီးပေါ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ကလေးငယ်နှစ်ဦး သေဆုံးခဲ့ပြီး နှစ်ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း ကန်ဒါပြည်နယ် ရဲတပ်ဖွဲ့က ပြောကြားသည်။ *(အင်တာနက်)*

အာဖဂန်တောင်ပိုင်း၌ လမ်းဘေးဗုံးပေါက်ကွဲ ရဲတပ်ဖွဲ့ဝင်ငါးဦး သေဆုံး

ကဘူးလ် နိုဝင်ဘာ ၂၃

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် နိုဝင်ဘာ ၂၂ရက်က တာလီဘန်များ၏ လမ်းဘေးဗုံးခွဲတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်ငါးဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ကန်ဒါဟာပြည်နယ်အတွင်း ရဲတပ်ဖွဲ့ဝင်များ ပုံမှန်ကင်းလှည့်နေစဉ် ၄င်းတို့စီးနင်းလိုက်ပါလာသော မော်တော်ယာဉ် လမ်းဘေးဗုံး ထိမှန်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ပါလက်စတိုင်းနိုင်ငံ ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတို့ လေကြောင်းမှ တိုက်ခိုက်အပြီး အပျက်အစီးများကို နိုဝင်ဘာ ၂၂ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

24-11 (04).pmd 1 11/24/2009, 12:59 PM

သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ

မတ်ဒင်တိုက်ပွဲ

၁၈-၉-၁၉၃၁ မှ ၁၈-၂-၁၉၃၂



မတ်ဒင် တိုက်ပွဲ ဖြစ် ပွားစဉ်။

၁၉၃၇ ခုနှစ်တိုင် အပြည့်အဝစစ်ပွဲကြီး မစတင်သေးသော်လည်း မတ်ဒင်တိုက်ပွဲသည် ဒုတိယ တရုတ်-ဂျပန်စစ်ပွဲ၏ ကနဦး တိုက်ပွဲတစ်ရပ်အဖြစ် မှတ်ယူနိုင်သည်။

လက်မှတ်ရေးထိုး

မန်ချူးရီးယားတောင်ပိုင်းရှိ မတ်ဒင်(ယခုရှင်ယန်) အပါအဝင် မန်ချူးရီးယားဒေသတစ်ခုလုံးတွင် ရုရှား-ဂျပန်စစ်ပွဲ (၁၉၀၄-၁၉၀၅) ပြီးဆုံးကတည်းက ဂျပန်စီးပွားရေး အခြေတည်ပြီး ဂျပန်နိုင်ငံရေးလုပ်ပိုင်ခွင့်များ ကြီးထွားလာသည်။ တရုတ်-ဂျပန်စစ်ပွဲမှာ အမေရိကန်နိုင်ငံ နယူးဟမ်ရှိုင်းယားပြည်နယ် ပို့စ်မောက်အနီး ပို့စ်မောက်ရေတပ်သင်္ဘောကျင်းတွင် စေ့စပ်ဆွေးနွေးပြီးနောက် ၁၉၀၅ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် ပို့စ်မောက်စာချုပ်ကို နှစ်ဖက်လက်မှတ်ရေးထိုးခြင်းဖြင့် အဆုံးသတ်ခဲ့သည်။

တောင်းဆို

ပို့စ်မောက်စာချုပ်က တရုတ်အရှေ့ဖျား ရထားလမ်း၏ ချန်ချွန်မှ လူရှုန်အထိဖြစ်သော တောင်မန်ချူးရီးယား ရထားလမ်းခွဲကို ဂျပန်အား ငှားရမ်းပိုင်ခွင့်ပေးလိုက်သည်။ ထိုအခါ ၁၈၉၆ ခုနှစ် လီ-လိုဘာနော့ဗ်စာချုပ်အရ တရုတ်က ရုရှားသို့ပေးရသော အခွင့်အရေးနှင့် အခွင့်ထူးအားလုံးအပါအဝင် ထိန်းချုပ်ခွင့်ကို ဂျပန်အစိုးရက တောင်းဆိုသည်။ ဂျပန်အစိုးရ၏ တောင်းဆိုချက်များတွင် တောင်မန်ချူးရီးယားရထားလမ်းဇုန်အတွင်း အကြွင်းမဲ့အုပ်ချုပ်ရေးပါဝင်သည်။ ရထားများနှင့် ရထားလမ်းလုံခြုံမှုပေးရန် ဂျပန်ရထားလမ်းအစောင့်တပ်များကို ထိုဇုန်အတွင်း တပ်စွဲထားလိုက်သည်။ သို့သော် ထိုအစောင့်တပ်များမှာ ဂျပန်အစိုးရ၏ အမြဲတမ်းတပ်ဖွဲ့ဝင်များဖြစ်ပြီး ရထားလမ်းနယ်မြေပြင်ပအထိ မကြာခဏစစ်ရေးလေ့ကျင့်ကြသည်။

တရုတ်သမ္မတနိုင်ငံ၏ အင်အားမတောင့်တင်းမှု၊ မန်ချူးရီးယားကို အခိုင်အမာထိန်းချုပ်နိုင်ခြင်းမရှိမှု၊ မြောက်ဘက်မှ ဆိုဗီယက်ပြည်ထောင်စု၏ ကွန်မြူနစ်စနစ် ခြိမ်းခြောက်မှု ကြီးထွားလာခြင်းနှင့်တကွ ဂျပန်နိုင်ငံ ကွမ်တုန်တပ်မတော်၏ လွန်စွာ နိုင်ငံရေးသဘောထားသက်ဝင်ပြီး စစ်ဝါဒီဆန်သော အမြင်တို့မှာ မန်ချူးရီးယားကို တရုတ်ပြည်မှဖဲ့ထုတ်ပြီး ဂျပန်အင်ပါယာအတွင်း သွတ်သွင်းရန် ဂျပန်အရာရှိငယ်များ၏ ဆန္ဒကို တွန်းပို့ပေးသည့်အကြောင်းများပင် ဖြစ်သည်။

အတည်ပြု

ကွမ်တုန်တပ်မတော်မှ ဗိုလ်မှူးကြီး အီတာဂါကီနှင့် ဒုတိယဗိုလ်မှူးကြီး အီရှီဝါရာတို့သည် မန်ချူးရီးယားကိုကျူးကျော်ရေး စီမံချက်တစ်ရပ် ရေးဆွဲအကြွက်ဆင်သည်။ ထိုစီမံချက်အား ဒုတိယဗိုလ်မှူးကြီးအီရှီဝါရာက တိုကျိုရှိဌာနချုပ်သို့ပေးပို့သည်။ ဌာနချုပ်က တရုတ်တို့ဘက်မှစတင်၍ အကြီးအကျယ်တိုက်ပွဲဆင်လာမှသာ စီမံချက်အတိုင်းဆောင်ရွက်ရမည်ဟု အတည်ပြုပေးသည်။

စေလွှတ်

ကွမ်တုန်တပ်မတော်၏ အမိန့်မနာခံမှုနှင့် စစ်ဝါဒီဆန်သောလုပ်ဆောင်ပုံများကို ထိန်းသိမ်းဟန့်တားရန် အထူးတာဝန်ဖြင့် ဗိုလ်ချုပ်တာတီကာဝါအား မန်ချူးရီးယားသို့ ဂျပန်စစ်ဝန်ကြီးမီနာမီကစေလွှတ်လိုက်သောအခါ ဗိုလ်မှူးကြီး အီတာဂါကီနှင့် ဒုတိယဗိုလ်မှူးကြီး အီရှီဝါရာတို့က မိမိတို့ဘက်က အကြိမ်ကြိမ်ရန်စသော်လည်း တရုတ်တို့ဘက်မှ တုံ့ပြန်လာသည်ကို စောင့်ဆိုင်းနေ၍ အချိန်ဖြုန်းရုံသာလျှင်ဖြစ်မည်။ ထို့ကြောင့် မိမိတို့ဘာသာ အကွက်ဆင်ရုံသာရှိတော့ကြောင်း သိရှိသဘောပေါက်လာသည်။

ရွေးချယ်

သူတို့နှစ်ဦးသည် ဒေသတွင်းရှိ ရထားလမ်းတစ်နေရာကို တမင်ဖျက်ဆီးပစ်ရေးနည်းလမ်းကို ရွေးချယ်လိုက်သည်။ ထိုရထားလမ်းပိုင်းမှာ တရုတ်တပ်မတော်အတွက်ရော ဂျပန်တပ်မတော်အတွက်ပါ စစ်ရေးအရ အရေးပါလှသည်မဟုတ်ပေ။ သို့သော် ယင်းနေရာမှာ မာရှယ်ကျန်းရှိလျန်လက်အောက်မှ တရုတ်မြို့စောင့်တပ်စခန်းချသည့်နေရာနှင့် မီတာ ၈၀၀ သာလျှင်ဝေးကွာသည့်အတွက် တရုတ်တပ်ဖွဲ့ဝင်များကို မျှားခေါ်ခြင်းဖြစ်ပြီး အကွက်ဝင်လာသည်နှင့်တစ်ပြိုင်နက် ဂျပန်ကျူးကျော်မှုကို တရားမျှတပါသည်ဟုဆိုရန် ယိုးမယ်ဖွဲ့ခြင်းပင်ဖြစ်သည်။ စက်မှုလုပ်ငန်းနှင့် စီးပွားရေးတွင် ရထားပို့ဆောင်ရေးကို လုံခြုံမှုပေးရန် အရေးပါသည် မဟုတ်ပါလား။

ဖျက်ဆီး

၁၉၃၁ ခုနှစ် စက်တင်ဘာ ၁၈ရက်က တောင်မန်ချူးရီးယားရှိ ယခုရှင်ယန်ခေါ် မတ်ဒင်မြို့အနီး ဂျပန်ပိုင် တောင်မန်ချူးရီးယား ရထားလမ်းတစ်နေရာကို ဒိုင်းနမိုက်ခွဲ ဖျက်ဆီးလိုက်သည့် ဖြစ်ရပ်တစ်ခုပေါ်ပေါက်သည်။ ဂျပန်ဘုရင်တပ်မတော်က ယင်းဖြစ်စဉ်မှာ တရုတ်အစိုးရဆန့်ကျင်သူတို့၏ လက်ချက်ဟု

တိုး ရေးသားသည်

စွပ်စွဲကြေညာသည်။ ဂျပန်တပ်မတော်က မန်ချူးရီးယားကို ဝင်ရောက်ကျူးကျော်လိုက်ခြင်းဖြင့် ထိုဖြစ်စဉ်ကို တုံ့ပြန်လိုက်သည်။ နောက်တစ်နှစ်အကြာတွင် မန်ချူးကိုးနိုင်ငံကို ထူထောင်လိုက်သည်။ ၁၉၃၁ခုနှစ် စက်တင်ဘာ ၁၈ရက်တွင် စတင်သည့် မတ်ဒင်တိုက်ပွဲမှာ ၁၉၃၂ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက် ငါးလအကြာတွင် ပြီးဆုံးသွားသည်။

ဤတိုက်ပွဲနှင့်ပတ်သက်၍ မတ်ဒင်တိုက်ပွဲအပါအဝင် အမည် အမျိုးမျိုးပေးသည်ကို တွေ့ရသည်။ ဂျပန်တို့အကြိုက်နာမည်မှာ မန်ချူးရီးယားတိုက်ပွဲဖြစ်ပြီး တရုတ်တို့ကမူ စက်တင်ဘာ ၁၈ ရက် တိုက်ပွဲဟုခေါ်သည်။

ရုပ်သေးအစိုးရ

မတ်ဒင်တိုက်ပွဲအပြီးတွင် ဂျပန်တို့က တရုတ်ပြည် အရှေ့မြောက်ပိုင်း ဒေသတစ်ခွင်တစ်ပြင်ကို ရယူသိမ်းပိုက်နိုင်ပြီး မန်ချူးကိုးရုပ်သေးအစိုးရအား ဂျပန်တို့ဖွဲ့စည်းပေးနိုင်လာသည်ကို တွေ့ရသည်။ ။

(ကိုးကား-အင်တာနက်)

ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(ဂျီစီစီ)

ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(ဂျီစီစီ)သည် ပင်လယ်ကွေ့ခြောက်နိုင်ငံတို့၏ နိုင်ငံရေးနှင့် စီးပွားရေးမဟာမိတ်အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။

ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေး(ဂျီစီစီ) ဝန်ကြီးများကောင်စီ အစည်းအဝေးကျင်းပစဉ်။

အိမ်နီးချင်းနိုင်ငံများနှင့် အစ္စလာမ့်အစွန်းရောက်မှုတို့၏ မည်သည့်ခြိမ်းခြောက်မှုကိုမဆို ကာကွယ်ရန်အတွက် စုပေါင်းလုံခြုံရေးမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးရန် ရည်ရွယ်ဖွဲ့စည်းခြင်းလည်းဖြစ်သည်။

ဖွဲ့စည်း

ဂျီစီစီကို ၁၉၈၁ ခုနှစ် မေလတွင် ဖွဲ့စည်းသည်။အဖွဲ့ဝင်နိုင်ငံများမှာ ဆော်ဒီအာရေဗျ၊ ကူဝိတ်၊ အာရပ်စော်ဘွားများနိုင်ငံ(ယူအေအီး)၊ အိုမန်၊ ကာတာနှင့် ဘာရိန်းနိုင်ငံတို့ ဖြစ်သည်။

ကြွယ်ဝမှု

ဂျီစီစီနိုင်ငံများ၏ ရေနံကြွယ်ဝမှုမှာ ကမ္ဘာ့ရေနံသိုက်များ၏ ထက်ဝက် ပမာဏ

ရှိသည်။ ဆော်ဒီအာရေဗျနိုင်ငံသည် သြဇာအရှိဆုံး အဖွဲ့ဝင်နိုင်ငံဖြစ်သည်။

အစည်းအဝေးကျင်းပ

ဂျီစီစီအဖွဲ့တွင် ဦးစီးကောင်စီသည် ဆုံးဖြတ်ချက်ချနိုင်သည့် အဆင့်အမြင့်ဆုံးဌာနဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံတော်အကြီးအကဲများဖြင့် ပါဝင်ဖွဲ့စည်းထားသည်။ တစ်နှစ်တစ်ကြိမ် အစည်းအဝေးကျင်းပသည်။

ဂျီစီစီတွင် ဦးစီးကောင်စီအပြင် ဝန်ကြီးများကောင်စီ၊ အတွင်းရေးမှူးချုပ်၊ အုပ်ချုပ်ရေးရုံးချုပ်၊ အတိုင်ပင်ခံ ကော်မရှင်၊ ပဋိပက္ခဖြေရှင်းရေးကော်မရှင်ဟူ၍ အသီးသီးပါဝင်သည်။

(အင်တာနက်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ- စုစည်းရေးသားသည်

အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်၌ ရုတ်တရက်ရေလွှမ်းမိုး၍ လူများထွက်ပြေးရ

အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်၌ ရုတ်တရက်ရေလွှမ်းမိုးသဖြင့် လူပေါင်း ၄၉၄၀၁ဦးတို့သည် နိုဝင်ဘာ ၂၂ရက်မှစ၍ နေအိမ်များကို စွန့်ခွာပြီး ဘေးလွတ်ရာသို့ ထွက်ပြေးကြရကြောင်း ဗဟိုဂျာဗားတွင်လည်း နိုဝင်ဘာ ၂၁ရက်က မြေပြိုသဖြင့် နေအိမ် ၅၀ပျက်စီးသွားခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက နိုဝင်ဘာ ၂၃ရက်၌ သတင်းထုတ်ပြန်သည်။ *(အပေါ်ပုံ)*

ဖိလစ်ပိုင်တပ်နှင့် ဓားပြများတိုက်ပွဲဖြစ်ပွား ဓားပြလေးဦးနှင့် မိန်းကလေးတစ်ဦးသေဆုံး

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ နိုဝင်ဘာ ၂၂ ရက်က အစိုးရတပ်နှင့် ဓားပြများ တိုက်ပွဲဖြစ်ပွားရာမှ ဓားပြလေးဦးနှင့် ငါးနှစ်အရွယ် မိန်းကလေးတစ်ဦးသေဆုံးသွားကြောင်း စစ်ဘက်အရာရှိတစ်ဦးက နိုဝင်ဘာ ၂၃ ရက်၌ ပြောကြားသည်။

လေကြောင်းကာကွယ်ရေးစနစ်သစ် အီရန်နိုင်ငံစမ်းသပ်

အီရန်နိုင်ငံသည် ငါးရက်ကြာပြုလုပ်သည့် လေကြောင်းစစ်ရေး လေ့ကျင့်မှုအချိန်ကာလအတွင်း လေကြောင်းကာကွယ်ရေးစနစ်သစ်တစ်ရပ်ကို စမ်းသပ်လျက်ရှိကြောင်း အီရန်ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

နိုဝင်ဘာ ၂၂ ရက်တွင် စတင်သည့် အကြီးစားစစ်ရေးလေ့ကျင့်မှုသည် အဓိကအားဖြင့် အီရန်နိုင်ငံ၏ နျူကလီးယားစက်ရုံကို တိုက်ခိုက်လာဖွယ်ရှိသည့် မည်သည့်လေကြောင်းအန္တရာယ်ကိုမဆို ကာကွယ်တိုက်ဖျက်သွားမည့် လေကြောင်းကာကွယ်ရေးစစ်ရေးလေ့ကျင့်မှုဖြစ်သည်ဟုလည်း ပြောကြားသည်။

ပုံးဖောက်ခွဲရန် ကြံစည်သူသုံးဦး အီရတ်ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသ

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့ကို ဗုံးအများအပြားဖောက်ခွဲရန် တိုင်ပင်နေသူများဖြစ်သည်ဟု ယူဆရသောသုံးဦးတို့ ဖြောင့်ချက်ပေးသည်ကို အီရတ်နိုင်ငံ ရုပ်မြင်သံကြားအစီအစဉ်က ထုတ်လွှင့်ပြသသည်။ အဆိုပါသုံးဦးစလုံးသည် ဘာ့သ်ပါတီဝင်များဖြစ်ကြကြောင်း၊ သူတို့သည် အီရတ်တရားရေးဝန်ကြီးရုံးနှင့် မြို့တော်ရှိ အစိုးရဌာနချုပ်ကို အောက်တိုဘာ ၂၅ရက်တွင် ဗုံးခွဲတိုက်ခိုက်ရန် ကြံစည်ခဲ့သူများဖြစ်သည်ဟု အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

တရုတ်အရှေ့မြောက်ပိုင်း၌ ယာဉ်တိုက်မှုဖြစ်ပွား ရှစ်ဦးသေဆုံး၊ ၂၀ဒဏ်ရာရ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အရှေ့မြောက်ပိုင်း ဟေလုံကျန်ပြည်နယ်တွင် နိုဝင်ဘာ ၂၂ရက်ညက ဘတ်စ်ကားတစ်စီးနှင့် ထရပ်ကားတစ်စီးတို့တိုက်မိသဖြင့် ရှစ်ဦးသေဆုံးပြီး လူ၂၀ထက်မနည်း ဒဏ်ရာရရှိသွားသည်ဟု ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က နိုဝင်ဘာ ၂၃ရက် နံနက်ပိုင်းတွင် ပြောကြားသည်။

အဆိုပါ ယာဉ်နှစ်စီးကို အခြားဘတ်စ်ကားတစ်စီးက ဝင်တိုက်သဖြင့် နောက်ထပ် အခြားတစ်ဦးလည်း ဒဏ်ရာရရှိသွားသည်ဟု အဆိုပါရဲက ပြောကြားသည်။

တူရကီမြို့တော်အနီး စက်မဲ့ လေယာဉ်ပျက်ကျ

တူရကီနိုင်ငံ၏ အကြီးဆုံး အစ္စတန်ဘူလ်မြို့တော်အနီး ဆာကာယာပြည်နယ်၌ နိုဝင်ဘာ ၂၂ ရက်က စက်မဲ့လေယာဉ်တစ်စင်းပျက်ကျရာ လေယာဉ်မှူးအပါအဝင် နှစ်ဦးဒဏ်ရာရရှိသွားကြောင်း အနာတိုလီယာသတင်းဌာနက ဖော်ပြသည်။ လေယာဉ်မှာ အနီးရှိရေအိုင်ထဲသို့ထိုးဆင်းခဲ့ပြီး လေယာဉ်မှူးမှာ ရေအိုင်ကမ်းစပ်သို့ ရေကူးပြီး အသက်ဘေးမှ လွတ်မြောက်အောင် ကြိုးစားနိုင်ခဲ့ကြောင်းဖြင့်လည်း အဆိုပါ သတင်းဌာနက ဖော်ပြသည်။

နီပေါ၌ နိုင်ငံတကာလေကြောင်းခရီးစဉ်များ တိုးချဲ့

နီပေါနိုင်ငံတွင် လေကြောင်းလိုင်းသစ်များ လေယာဉ် တက်ဆင်းပျံသန်းခွင့် ပါမစ်များ ရရှိနေကြပြီး လေကြောင်းလိုင်းဟောင်းများလည်း အကြိမ်တိုးမြှင့်တက်ဆင်းပျံသန်းခွင့် ရရှိနေကြရာ နီပေါနိုင်ငံသို့ နိုင်ငံတကာလေကြောင်း ဆက်သွယ်မှုခရီးစဉ်များ တိုးချဲ့ပျံသန်းကြောင်း နိုဝင်ဘာ ၂၃ရက်ထုတ် ခတ္တမန္ဒူပို့စ်သတင်းစာ၌ ဖော်ပြထားသည်။

(ကိုးကား-အင်တာနက်)

နမ့်ဆန်မြို့နယ်၌ လမ်း/တံတားလုပ်ငန်းများဆောင်ရွက် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၃

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်သည် နိုဝင်ဘာ ၁၆ရက် နံနက်ပိုင်းက ကျောက်မဲခရိုင် နမ့်ဆန်မြို့နယ် နမ္မတူချောင်းကူး လေလု သံကူကွန်ကရစ်တံတား ကြံ့ခိုင်မှုအခြေအနေ၊ နမ့်ဆန်-ဇယန်းကြီး မြို့တွင်းလမ်းတစ်လျှောက် လမ်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ နမ့်ဆန်မြို့ ခုတင် (၅၀)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံ တည်ဆောက်ရေးစီမံကိန်းနှင့် လမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် နမ့်ဆန်မြို့ ဧည့်ရိပ်သာ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေ ရှင်းလင်းတင်ပြမှုတို့အပေါ် လိုအပ်သည်များကိုမှာကြားပြီး နမ့်ဆန်မြို့ ပလောင်ထိပ်ထား လက်ဖက်ခြောက်စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စီးပွားရေးကျွန်းစိုက်ခင်း အောင်မြင်ဖြစ်ထွန်းမှု ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၃

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် နိုဝင်ဘာ ၁၆ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ ဦးကရိုင်လဆန်နှင့် ဦးရှုဒေါင်ဘရန်နူးတို့၏ ပုဂ္ဂလိက ကျွန်းစိုက်ခင်း ဧက ၁၅၀၀နှင့် ပျိုးဥယျာဉ်သို့ရောက်ရှိပြီး ကျွန်း၊ ပျဉ်းကတိုး၊ ယမနေ၊ ရော်ဘာ၊ သစ်မွှေးစိုက်ခင်းများ စိုက်ပျိုးထားရှိမှု၊ ပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုးကောင်းမြို့နယ် နန့်ခွင်ကြိုးဝိုင်း ၂၀၀၇ခုနှစ် စီးပွားရေးကျွန်းစိုက်ခင်း ဧက ၁၀၀၊ ၁၉၉၃ ခုနှစ် စီးပွားရေးကျွန်းစိုက်ခင်း ဧက ၁၀၀၊ ၁၉၉၄ ခုနှစ် စီးပွားရေးကျွန်းစိုက်ခင်း ဧက ၁၀၀၊ ၁၉၉၅ ခုနှစ် စီးပွားရေးကျွန်းစိုက်ခင်း ဧက ၁၀၀တို့၌ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ထိန်းသိမ်းစောင့်ရှောက်

ဆက်လက်၍ ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဟိုပင်မြို့ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန ဦးအေးနှင့်သားများ (အငှား) သစ်စက်၊ မြစ်ကြီးနား သစ်ထုတ်ရေးဒေသ မြို့သာသစ်ဆိပ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မိုးညှင်းမြို့ အင်းတော်ကြီး ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံး၌ အုပ်ချုပ်ရေးမှူး ဦးစီးအရာရှိ ဦးစိန်ထွန်းက အင်းတော်ကြီးဘေးမဲ့တော ထိန်းသိမ်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက အင်းတော်ကြီးကန် ပတ်ဝန်းကျင် သဘာဝ အခြေအနေများကို ထိန်းသိမ်းစောင့်ရှောက်ရေး၊ ရေပျော်ငှက်များ၊ ငါးနှင့် တွားသွားသတ္တဝါများကို ထိန်းသိမ်းစောင့်ရှောက်ရေး မှာကြားခဲ့သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် နန့်စီးအောင်သစ်ဆိပ်ကို ကြည့်ရှုစစ်ဆေးပြီး အင်းတော်မြို့နယ် ဖက်ဆွတ်ကြိုးဝိုင်း ၁၉၈၂ ခုနှစ် ပျဉ်းကတိုးစိုက်ခင်း ၁၅၂ ဧက၊ ၁၉၈၆ ခုနှစ် ကျွန်းစိုက်ခင်း ၆၁ ဧကနှင့် ၂၀၀၉ ခုနှစ် ကျွန်းစိုက်ခင်း ဧက ၅၀စိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ကသာမြို့ ကသာအနောက် သစ်ထုတ်ရေးဒေသ လက်ထောက် အထွေထွေမန်နေဂျာရုံး၌ ကသာဒေသ သစ်တောရေးရာဝန်ကြီးဌာန အောက်ရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် ညနေပိုင်းတွင် ကသာမြို့ ရွှေလီမဘိမ်းသစ်ထုတ်ရေးဒေသရုံး၊ ကသာအနောက် သစ်ထုတ်ရေးဒေသ ယာဉ်/ယန္တရားစခန်း၌ လက်ထောက်မန်နေဂျာ (အင်ဂျင်နီယာ)က အလုပ်ရုံ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရွှေလီမဘိမ်း သစ်ထုတ်ရေးဒေသ လက်ထောက် အထွေထွေမန်နေဂျာက သစ်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လမ်းဖောက်နေမှု အခြေအနေတို့ကိုလည်းကောင်း၊ ကသာအနောက် သစ်ထုတ်ရေးဒေသ လက်ထောက် အထွေထွေမန်နေဂျာရုံး၌ စစ်ကိုင်းတိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး၊ သစ်ထုတ်ရေး ဒုတိယအထွေထွေမန်နေဂျာ၊ ကသာအရှေ့ သစ်ထုတ်ရေးဒေသ မန်နေဂျာ၊ ကသာအနောက် သစ်ထုတ်ရေးဒေသ လက်ထောက် အထွေထွေမန်နေဂျာတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ် တာချီလိတ်မြို့ သူရိယသင်္ကန်းတိုက်နေ နှစ်ဖက် ဘိုးဘွား၊ မိဘများနှင့် သားလေး မောင်စိုင်းဝေယံအောင်အား ရည်စူး၍ ဦးအောင်ဖြိုးရှိန်-ဒေါ်နန်းနွတ်နွတ်၊ သမီး နှင်းလှဲ့ရည်အောင်မိသားစုက အထွေထွေပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက် အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ဆုချီးမြှင့်

(၈၉)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၁၁ရက်က နေပြည်တော် တပ်ကုန်း အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပရာ တာဝန်ရှိသူတစ်ဦးက (၈၉)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း အဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲဆုရ အခြေခံပညာအထက်တန်း၊ အလယ်တန်း ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

စောင့်ကြည့် (News Watch) ဂျာနယ်ထွက်ပြီ

ရန်ကုန် နိုဝင်ဘာ ၂၃

ဗုဒ္ဓကို ယုံကြည်ကိုးကွယ်သူများအတွက် သီဟိုဠ်နိုင်ငံ ကန္ဒီမြို့မှ ဗုဒ္ဓစွယ်တော်ပုံတော်ကို ကြွေစက္ကူဖြင့်ရိုက်နှိပ်ပြီး ဓမ္မဒါနပြုထားသည်။

ဖြစ်ပေါ်နေသည့် ပန်းလှိုင်ဆေးရုံ ကောလာဟလသတင်း ဥက္ကဋ္ဌကရှင်းလင်း၊ တိုက်အိမ်၊ အခန်း၊ ကွန်ဒိုပိုင်ရှင်များ ဒေါ်လာမလိုချင်၊ မြန်မာငွေပဲပေးပါဟု ဆိုကြ၊ ဆက်သွယ်ရေးစက် တရားမဝင် ကိုင်ဆောင်သူများ အရေးယူခံရနိုင်၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများတွင် မြန်မာငွေ တန်ဖိုးတက်လာ၍ ဘာတွေဖြစ်ပေါ်နေသလဲ၊ ငွေစက္ကူ ၅၀၀၀ တန်၊ တစ်ဦးလျှင် အရွက် ၅၀ခန့် လဲလှယ်နိုင်၊ စွန့်ပစ်ပစ္စည်းများမှ လျှပ်စစ်ဓာတ်အားထုတ်မည်၊ အိုဇုန်းလွှာပျက်စီးစေသော ဓာတ်ပစ္စည်းများကို ချမ်းသာသောနိုင်ငံများက ဆင်းရဲသောနိုင်ငံများကို ဈေးပေါပေါလောလောနှင့် ရောင်းချနေမှု၊ ပြည်ပ ပညာသင်သွားကုမ္ပဏီအချို့ကြောင့် ကျောင်းသားများ အဆင်မပြေဖြစ်နေ၊ ယခုလက်ရှိ မြန်မာ့ရွှေဈေးကွက်၊ ရန်ကုန်ဘူတာကြီးမှ အလုပ်သမားများ သတ်မှတ်နှုန်းထက် လုပ်အားခပိုတောင်းလျှင် အလုပ်ဖြုတ်သည်အထိ အရေးယူမည်၊ မြန်မာမိုဘိုင်းလ် (လက်ကိုင်ဖုန်း) ဈေးကွက်၊ ဆောင်းမဝင်သေးဘဲ အေးနေသော ရန်ကုန်ကားဈေးကွက်စသည့် ပြည်တွင်းသတင်းများအပြင်....။

အာရှကို စိတ်ဝင်စားနေတဲ့ အိုဘားမား အာရှကလည်း စောင့်ကြည့်နေ၊ ကမ္ဘာကျော်သူဌေးကြီး ဘီလ်ဂိတ် ဒုက္ခရောက်နေသော လူသားတွေကို ဆက်လက်ကယ်တင်မည့် အစီအစဉ်သစ်၊ အမေရိကန် ကုန်သဘော်တစ်စင်း ဒုတိယအကြိမ် ပင်လယ်ဓားပြအတိုက်ခံရ၊ ၁၉၄၅ ခုနှစ်က ကျူးလွန်ခဲ့သည့် ပြစ်မှုများနှင့် နာဇီရာဇဝတ်ကောင်တစ်ဦးကို ဖမ်းမိ၊ ခေါင်းချင်းဆက် အမွှာညီအစ်မ ခွဲစိတ်အောင်မြင်ပြီး နောက်ဆက်တွဲသတင်း၊ ရာဇဝင်ထဲက ပန်းတစ်ပွင့်ရဲ့ အချစ်ဦး ဂျွန်ကွမ်ဆွတ်၊ အခုထိ ဘာမှမရှိသေးဘူးပြောတဲ့ အွန်စောငယ်လေး၊ အမေရိကန်တိုက်ညီနောင်ကို လေယာဉ်နဲ့တိုက်ပြီး လူများစွာသေစေခဲ့သည့် တရားခံလေးဦးကို နယူးယောက်မှာ တရားစစ်မည်၊ သေဒဏ်ပေးဖွယ်ရှိ စသည့် မြန်မာ့အရေး၊ ကမ္ဘာ့အရေးများကို မသိလိုက် မရှိရအောင် စောင့်ကြည့် (News Watch) ကို ဖတ်ကြည့်သင့်သည်။

(သတင်းစဉ်)

တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှု၊ မြို့နယ်မီးသတ်ဦးစီးဌာန၏ တာဝန်ပေးမှုဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် နိုဝင်ဘာ ၁၂ရက်က ကျားကွက်သစ် (စံပြ) ရပ်ကွက် အဖွဲ့ဝင်(၁) ဦးပြည်စိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ရင်းနှင့် ဒေသ အရန်မီးသတ်တပ်ခွဲမှူး ဒေါ်အုံးခင်နှင့် တပ်ဖွဲ့ဝင်များက ရပ်ကွက်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (၁၁၇)

မိုးစပါးသီးနှံများ ရိတ်သိမ်းခြွေလှေ့၊ သိုလှောင်ရာတွင် အလေအလွင့်မရှိစေရေးနှင့် ဆန်ထွက်ကောင်းမွန်ရေးအတွက် နှိုးဆော်ချက်

၁။ ယခုအချိန်အခါတွင် မိုးစပါးများ စတင်ရိတ်သိမ်းနေပြီဖြစ်ပါသည်။ စပါးရိတ်သိမ်းနယ်လှေ့ခြင်းနှင့် ဆန်အရည်အသွေး ဆက်နွှယ်လျက်ရှိသည်ကိုလည်း စပါးစိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားအများစုအနေဖြင့် သိရှိပြီးဖြစ်ပါသည်။ ဆန်အကျိုးအကြေ အနည်းဆုံးဖြစ်စေရေးအတွက် စပါးကိုမောင်းညှိချိန်၌ ရိတ်သိမ်းရန် လိုအပ်ပါသည်။ စပါးပင်တစ်ပင်လုံး၏ ၈၅ရာခိုင်နှုန်းခန့်သည် အဝါရောင်သန်းလာပါက မောင်းညှိချိန်ကာလဟု သတ်မှတ်၏။ စပါးအစိုဓာတ်ဖြင့် တိုင်းတာပြောဆိုလျှင် ၁၉-၂၀ရာခိုင်နှုန်းအတွင်း ရှိနေချိန်ဖြစ်၏။ စပါးအဝါရောင်သန်းလာသည်နှင့်အမျှ စတင်ရိတ်သိမ်းသင့်ပါသည်။

၂။ ရိတ်သိမ်းပြီးစပါးကောက်လှိုင်းများကို ကန်သင်းပေါ်တွင်ဖြစ်စေ၊အခြားသင့်တော်ရာတစ်နေရာတွင်ဖြစ်စေ အချိန်ကြာမြင့်စွာ စုပုံထားပါက စပါးသည် စိုလိုက်၊ ခြောက်လိုက်ဖြစ်နေခြင်းကြောင့် အဆစ်ကျိုးစပါးများ ဖြစ်ပေါ်လာပါသည်။ အဆစ်ကျိုးစပါးများဖြစ်ပေါ်လာပါက ဆန်ကြိတ်ထွက်နှုန်းကို ထိခိုက်နိုင်ပါသည်။ သို့ဖြစ်ပါ၍ စက်ဖြင့်ရိတ်သိမ်း၊ခြွေလှေ့ခြင်းကိုဆောင်ရွက်ရပါမည်။ ခြွေလှေ့ပြီးစပါးများကို သိုလှောင်ရာတွင်လည်း အစိုဓာတ်မတူညီသောစပါးများကို တစ်ခုနှင့်တစ်ခု ရောပုံမိလျှင် အဆစ်ကျိုးစပါးများဖြစ်ပေါ်လာရန် အခွင့်အလမ်းများရှိခြင်းကြောင့် တတ်နိုင်သမျှ ခွဲခြားထားရန်လိုအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စပါးရိတ်သိမ်းခြွေလှေ့၊သိုလှောင်ရာတွင် အလေအလွင့်မရှိစေရန်အတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နှိုးဆော်လိုက်ပါသည်-

(က) စပါးအလေအလွင့်မရှိစေရန် မောင်းညှိချိန်တွင်(ရင့်မှည့်ချိန်)တွင် ရိတ်သိမ်းပါ။

(ခ) ရိတ်သိမ်းပြီးကောက်လှိုင်းများကို စုပုံမထားဘဲ တလင်းပျောက်စနစ်ဖြင့် ချက်ချင်းခြွေလှေ့ခြင်း၊ သိမ်းဆည်းခြင်းကို အလေးပေးဆောင်ရွက်ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။

(ဂ) စပါးအပြီး ဆောင်းသီးထပ်(ပဲသီးနှံ+ဆီထွက်သီးနှံ)စိုက်ပျိုးသော ဒေသများတွင် ရိတ်သိမ်းပြီးကောက်လှိုင်းများကို ကန်သင်းပေါ်တွင် အချိန်ကြာမြင့်စွာ စုပုံထားခြင်း အလေ့အထကို ရှောင်ကြဉ်ရန်လိုအပ်ပါသည်။ ကောက်လှိုင်းများကို အချိန်ကြာမြင့်စွာ စုပုံထားခြင်းဖြင့် အဆစ်ကျိုးစပါးများ ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။

(ဃ) ခြွေလှေ့ပြီးစပါးများကို အစိုဓာတ် ၁၄ရာခိုင်နှုန်းအောက်ရရှိစေရန် နေလှန်း၍ အမိုးအကာအောက်ရောက်အောင် ဆောင်ရွက်ပါ။

(င) ရိတ်သိမ်းပြီးကောက်လှိုင်းများကို ချက်ချင်းခြွေလှေ့ရန် အချိန်မမီပါက လယ်ကွက်ထဲတွင်မထားဘဲ အမိုးအကာအောက်ရောက်အောင် ချက်ချင်းပို့ခြင်း သို့မဟုတ် ကောက်လှိုင်းများ ရွှေ့ပြောင်းရန်အချိန်မမီပါက တာလပတ်၊ ပလတ်စတစ်စသည့် အမိုးအကာနှင့် ဖုံးအုပ်ထားပါ။

(စ) တလင်းအတွင်း ကောက်ပြန့်တွင်မိုးမိပါက ကောက်ရိုးများ အမြန်ဆုံးဖယ်ရှားပြီး ရေစိုစပါးများကို နေလှန်းအခြောက်ခံပါ။

(ဆ) ကောက်လှိုင်းများခြွေခြင်း၊ ခြွေပြီးစပါးများ အမြန်ရွှေ့ပြောင်းခြင်း၊ ကောက်လှိုင်းများ အဖုံးအကာများဖြင့် ဖုံးအုပ်ခြင်းစသော လုပ်ငန်းများကို လက်စားလိုက်စနစ်ဖြင့်လည်းကောင်း၊ ဖွဲ့စည်းထားသော ဆယ်လယ်စုအင်အားဖြင့်လည်းကောင်း၊ လူအင်အား၊ စက်အင်အား အပြည့်အဝအသုံးပြု၍လည်းကောင်း ဆောင်ရွက်ပါ။

(ဇ) ခြွေလှေ့ပြီးစပါးများကို စပါးအခြောက်ခံကိရိယာ (Paddy Dryer)များကို အသုံးပြု၍ အစိုဓာတ်များကိုလျှော့နည်းအောင် ဆောင်ရွက်ပါ။

(ဈ) စပါးမသိုလှောင်မီ ဖုန်၊ သဲ၊ ခဲများမပါဝင်စေရန် စနစ်တကျ သန့်စင်ပေးရပါမည်။ ဆန်ဝါဖြစ်စေနိုင်သော အဏုဇီဝပိုးများသည် သိုလှောင်ရုံတွင် ဖုန်၊ သဲ၊ ခဲများနှင့်အတူ တွယ်ကပ်ပေါက်ဖွား လှုပ်ရှားနိုင်သောကြောင့် ဖုန်၊ သဲ၊ ခဲ မပါဝင်စေရန် ဆောင်ရွက်ရပါမည်။

၃။ အထက်ပါအချက်များကို စပါးစိုက်ပျိုးထုတ်လုပ်သူများ တိတိကျကျ လိုက်နာဆောင်ရွက်ကြရန်နှင့် အကယ်၍မလိုက်နာပါက လယ်တစ်ဧကလျှင် စပါးသုံးတင်းနှင့်အထက် လေလွင့်ဆုံးရှုံးနိုင်ပါသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံး၏ မိုးစပါးစိုက်ဧက ၁၇သန်းမှ စပါးတင်း ၅၁သန်း လေလွင့်ဆုံးရှုံးနိုင်ပြီး ယင်းပမာဏသည် လူဦးရေ ၃ ဒသမ ၄သန်းအတွက် တစ်နှစ်စာ စားသုံးနိုင်ပါသည်။ ထို့အပြင် ဝယ်ယူ၊ သိုလှောင်၊ ကြိတ်ခွဲရာတွင် ဆန်အရည်အသွေးညံ့ဖျင်းသည့် ဆန်ဝါများဖြစ်စေပြီး ဆန်အကျိုးအကြေများ၍ ဈေးကွက်တွင် ရောင်းပန်းမလှဖြစ်ခြင်း၊ စားသုံးရာတွင် အဆင့်မမီခြင်းများ ဖြစ်ပေါ်စေပါသည်။

၄။ ဖော်ပြပါအချက်များကို ကျော်လွှားနိုင်ရန် ဤနှိုးဆော်ချက်များကို စွမ်းနိုင်သမျှ လိုက်နာကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ပခုက္ကူစက်မှုနယ်မြေ၌ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၃

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် နိုဝင်ဘာ ၂၀ရက်နှင့် ၂၁ရက်တို့တွင် ပခုက္ကူစက်မှုနယ်မြေသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြိုတင်ပြင်ဆင်

ရှေးဦးစွာ ဝန်ကြီးသည် တည်ဆောက်ဆဲဖြစ်သော စက်မှုသင်တန်းကျောင်း(ပခုက္ကူ) စီမံကိန်း တည်ဆောက်ပြီးစီးတိုးတက်မှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား ရောက်ရှိပြီးစက်များကို စနစ်တကျ နေရာချထားရန်နှင့် ပြည်ပသင်တန်းဆင်းနည်းပြများဖြင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် စက်နှင့် စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ(မြိုင်)သို့ရောက်ရှိပြီး ကုန်ထုတ်လုပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ယနေ့ နိုင်ငံတော်၌ လိုအပ်လျက်ရှိသော အဆင့်မြင့်ခေတ်မီစက်များကို လျာထားချက်အတိုင်း ထုတ်လုပ်နိုင်ရေးအတွက် အရာထမ်း၊ အမှုထမ်းအားလုံးက တက်ညီလက်ညီဖြင့် နွေ့ညမနား ပိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက်

ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့

''အေအိုင်ဒီအက်စ်တိုက်ဖျက်ဖို့၊ ခွဲခြားမှုကို ရှောင်ကြဉ်လို့၊ အားလုံးပူးပေါင်းဆောင်ရွက်စို့။''

''Stop AIDS. Keep the Promise.''
''Avoid Stigma & Discrimination; Access to Services for Everyone.''

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

နေပြည်တော် နိုဝင်ဘာ ၂၃

နေပြည်တော် တပ်ကုန်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲအခမ်းအနားကို နိုဝင်ဘာ ၁၁ ရက် နံနက် ၁၁နာရီတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသည်။

ဟောပြော

အဆိုပါ အခမ်းအနားသို့ နေပြည်တော် တပ်ကုန်း ဥပဒေအရာရှိ ဦးအောင်မြင့်က ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေး၍လည်းကောင်း၊ နေပြည်တော် ယာဉ်စည်းကမ်း ယာဉ်ထိန်းတပ်ဖွဲ့ ဒုတိယရဲအုပ်ထွန်းထွန်းစိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးအတွက်လည်းကောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်က ယာဉ်စည်းကမ်း လိုက်နာရေးအတွက် နိဂုံးချုပ် အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းသည်။ နေပြည်တော် တပ်ကုန်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ၊ NGOအဖွဲ့ အစည်းအသီးသီးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**



နမူနာကောက်နည်းလမ်းများနှင့် သတင်းအချက်အလက် နည်းပညာသင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၂၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနနှင့် အာဆီယံစားနပ်ရိက္ခာလုံခြုံရေး သတင်းစနစ်တို့၏ နည်းပညာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအစီအစဉ်ဖြင့် ဖွင့်လှစ်သော နမူနာကောက်နည်းလမ်းများနှင့် သတင်းအချက်အလက်နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန(ရုံးခွဲ)၌ ကျင်းပရာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်(**အပေါ်ပုံ**)နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ Bureau of Agricultural Statistics မှ စာရင်းအင်းကျွမ်းကျင်ပညာရှင် Ms.Rosalinda Manuel-Garcla တို့က အမှာစကားပြောကြားကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် အရာထမ်းသင်တန်းသား ၃၀တို့ တက်ရောက်ပြီး အဆိုပါသင်တန်းသည် ရက်သတ္တတစ်ပတ် ကြာမြင့်မည်ဖြစ်ကာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်း တိုးတက်ရေးတွင် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးရွာစာကြည့်တိုက် ပန္နက်တင် အခမ်းအနားကျင်းပ

ဝမ်းတွင်း နိုဝင်ဘာ ၂၃

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရာသချ်ာကျေးရွာတွင် နိုင်ငံတော်၏ ခွင့်ပြုငွေကျပ် ၁၀သိန်းဖြင့် ဘဝမီးအိမ်စာကြည့်တိုက်အဆောက်အအုံပန္နက်တင် အခမ်းအနားကို အောက်တိုဘာ ၂၉ရက် နံနက် ၉နာရီက အဆိုပါကျေးရွာ စာကြည့်တိုက် မြေနေရာ၌ ကျင်းပသည်။

ပန္နက်တင်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူရ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးဘိုလှရီ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမောင်နှင့် ဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့် ဆောက်လုပ်ရေးကော်မတီတို့က သတ်မှတ်ထားသောနေရာများတွင် အသီးသီး နေရာယူ၍ စာကြည့်တိုက်အဆောက်အအုံကို ပန္နက်တင်ပေးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

အထက(၄)စစ်တွေ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၃

ရခိုင်ပြည်နယ် စစ်တွေမြို့ အထက(၄)ကျောင်း၏ စတုတ္ထအကြိမ်မြောက် သက်ပြည့် အငြိမ်းစား ဆရာ ဆရာမများအား မြတ်ဆရာပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ ၂၇ရက်တွင် ကျောင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ဂါရဝပြုငွေနှင့် ငွေပဒေသာပင်များကို ဒေါက်တာလတ်လတ်ထွန်း ဖုန်း-၀၉-၈၅-၀၀၁၆၄၊ ဒေါက်တာခင်အေးနု ဖုန်း-၀၉-၈၅-၀၀၈၃၃၊ ဒေါက်တာမိုးကျော် ဖုန်း-၀၉-၅၆-၈၀၃၃၀၊ ဒေါက်တာအောင်ဇော်ညွန့် ဖုန်း-၀၉-၈၅-၀၀၅၇၂၊ ဒေါ်စောမူ ဖုန်း-၀၄၃-၂၃၄၂၀၊ ဦးဇော်အေးမောင် ဖုန်း-၀၉-၅၁-၄၀၄၀၇၊ ဒေါ်ခင်မြနု ဖုန်း-၀၉-၅၀-၂၄၃၄၅၊ ဒေါ်မြသီတာ ဖုန်း-၀၁-၂၂၆၁၃၇၊ ကိုအောင်ကျော်ဖံ ဖုန်း-၀၉-၅၆-၈၀၄၅၀ ကိုအောင်ကျော်ညွန့် ဖုန်း-၀၉-၈၅-၀၀၁၂၀ နှင့် ကိုကျော်သူဝင်း ဖုန်း-၀၉-၅၀-၅၂၀၅၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ခရိုင်ချင်းဆက်လမ်းအမှတ်(၃) အဖွဲ့ အမှတ်(၁)မှ ခရိုင်ချင်းဆက်လမ်းမိုင်တိုင်(၀/၁)မှ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို စည်ပင်ဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့် ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပြည်မြန်မာသတင်းဂျာနယ် ယခုအပတ်ဖြန့်ချီ

ရန်ကုန် နိုဝင်ဘာ ၂၃

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၉၃)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ ''မြန်မာ့ပထမဆုံး နိုင်ငံတကာအဆင့်မီ Country Club ဖွင့်တော့မည်၊ ၂၀၁၀ခုနှစ် ဟိုတယ်လုပ်ငန်းဝန်ဆောင်မှုရွှေတံဆိပ်ဆုကို မန္တလေးစီးတီးဟိုတယ်ရရှိ၊ ဆွစ်ဇာလန်နိုင်ငံသားအများစုပါဝင်သည့် ပြည်ပဧည့် ၃၀ခန့် မြန်မာနိုင်ငံအတွင်း မီးပုံးပျံရှစ်လုံးဖြင့် လှည့်လည်မည်၊ ရန်ကုန်မြို့၏ နေ့စဉ်ထွက်အမှိုက်များမှ မီသိန်းဓာတ်ငွေ့ဖြင့် လျှပ်စစ်ရရှိစေမှုကို အထောက်အကူဖြစ်နိုင်၊ လာအို၏ အကြီးဆုံးစက်မှုဇုန်ကြီးတွင် မြန်မာလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံလိုပါက ကူညီမည်၊ Wi-Fi အင်တာနက်စနစ်ကို လာမည့်လမှစ၍ Prpaid Card ဖြင့် သုံးနိုင်မည်၊ ပြင်ဦးလွင်၌ အင်ကြင်းကျောက်နှင့်ပတ်သက်သော ပြတိုက်တစ်ခုတည်ဆောက်နေ၊ FM Bagan ရွှေ့လအတွင်း လွှင့်တော့မည်၊ ရန်ကုန်မြို့ ကားလေလံပွဲတွင် မော်ဒယ်မြင့်ကားများပါဝင်နေ၍ စိတ်ဝင်စားသူများပြား၊ ကမ္ဘာတစ်ဝန်း ပြသရန် မြန်မာ့ဆင်များကို လာရောက်ရုပ်သံရိုက်ကူး၊ ပြည်မှတောင်ငူသို့ ရထားလမ်းဖောက်နေ၊ FMI က လာမည့်နှစ်အတွင်း အများဝယ်နိုင်မည့် အိမ်ရာစီမံကိန်းများ အကောင်အထည်ဖော်မည်၊ မြန်မာ့မီးရထားက ကွန်ကရစ်ဇလီဖားတုံး စက်ရုံငါးရုံ ထပ်မံတည်ဆောက်လျက်ရှိ၊ ရခိုင်ပြည်နယ်၏ အကြီးဆုံး ရေအားလျှပ်စစ်စီမံကိန်းသစ်ကို တရုတ်နိုင်ငံဖြင့် ပူးပေါင်းဆောင်ရွက်မည်၊ မျိုးသုဉ်းသွားပြီဖြစ်သော မြန်မာကြောင်အမျိုးအစားများကို ဟောင်ကောင်ပညာရှင်တစ်ဦးက မြန်မာသို့ပြန်လည်ယူဆောင်ပေးခဲ့၊ ဒေါ်လာ ၁၀သန်းတန်သည့်လှျာ၊ ခန္ဓာကိုယ်တစ်ဝက်လူသားက တစ်ဝက်ဈေးဖြင့်ရောင်းသည့်ဆိုင်၊ သူ့အလိုအလျောက်ရွေ့လျားနေသော ကျောက်တုံးကြီးများ၊ နိုင်ငံအချို့တွင် A(H1N1)ဗိုင်းရပ်စ်ပိုး၏ ဗီဇပြောင်းလဲလာ၊ နာမည်ကျော် တောင်ကိုရီးယားမော်ဒယ်လ်ပါရီမြို့၌ ကြိုးဆွဲချသေဆုံး၊ LED မီးသီးငယ်ပေါင်း ၂၄၀၀၀ တပ်ဆင်ထားသည့် အမျိုးသမီးဝတ်စုံ၊ ပစ်ခတ်လေ့ကျင့်ရာ ပစ်မှတ်အဖြစ် စပိန်နိုင်ငံအလံကို အသုံးပြုခဲ့သည်ဆိုပြီး စပိန်က ဗြိတိန်အား တောင်းပန်ရန်တောင်းဆို၊ ခေါင်းတစ်ခြမ်း လူသားအတွက် သတ္တုပြားဖြင့်ပြုလုပ်ထားသည့် ဦးခေါင်းခွံအသစ်ရပြီ၊ ကိုရီးယား၌ အမေရိကန်သမ္မတ အိုဘားမားက တိုက်ကွမ်ဒိုစွမ်းရည်ပြသ၊ မိုက်ကယ်ဂျက်ဆင်၏ လက်အိတ်ကို ဒေါ်လာသုံးသိန်းခွဲဖြင့်ဝယ်ယူ၊ မျက်စိကွယ်နေသူများကို ဓာတ်ရောင်ခြည်ဖြင့် မျက်စိပြန်မြင်အောင်ကုပေးနိုင်....''စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျကဏ္ဍမျိုးစုံအပြင်''၂၀၁၂ခုနှစ်တွင် ကမ္ဘာပျက်မပျက် နာဆာအဖွဲ့၏ သုံးသပ်ချက်'' အထူးဆောင်းပါးဖြင့် ရှစ်မျက်နှာတိုးမြှင့်ထားသော်လည်း ဈေးနှုန်းမတက်ဘဲ မေတ္တာလက်ဆောင်အချပ်ပိုများနှင့်အတူ အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိသည်။ **(သတင်းစဉ်)**

စာကြည့်တိုက် ဆောက်လုပ်မှု ကွင်းဆင်းစစ်ဆေး

သံတွဲ နိုဝင်ဘာ ၂၃

ရခိုင်ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြိုင်သည် သံတွဲခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ခင်မိမိလိုက်ပါလျက် နိုဝင်ဘာ ၁၀ရက် နံနက် ၉နာရီက ကျောက်ကြီးကျေးရွာတွင် နိုင်ငံတော်ခွင့်ပြုငွေဖြင့် ဆောက်လုပ်နေသည့် လမ်းပြကြယ်စာကြည့်တိုက် ဆောက်လုပ်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေး

ဆက်လက်၍ ဥမြို့နယ်သို့သွားရောက်ကာ ဥမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး မျက်နှာကြက်ပြုပြင်တပ်ဆင်ရေးကိစ္စကို ဆွေးနွေးခြင်းနှင့် မြို့နယ်ရုံးစာကြည့်တိုက် စာအုပ်စာစောင်များ စနစ်တကျထိန်းသိမ်းရေး၊ ငှားရမ်းရေး၊ ရန်ပုံငွေစနစ်တကျထူထောင်ကာ စာအုပ်စာစောင်များတိုးပွားအောင် ဆောင်ရွက်ရေး ဆွေးနွေးသည်။ ဆွေးနွေးပွဲသို့ မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းအေးနှင့် ရုံးဝန်ထမ်းများ တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

မော်လမြိုင်မြို့နယ် ရွှေနတ်တောင်ဆည်အတွင်း ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၃

ငါးသယံဇာတကြွယ်ဝစေရန် ရည်ရွယ်၍ မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသည့် မော်လမြိုင်-မုဒုံကားလမ်းရှိ ရွှေနတ်တောင်ဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၄ရက် နံနက် ၇နာရီခွဲက အဆိုပါဆည်၌ ကျင်းပရာ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးမြင့်က ငါးမျိုးစိုက်ထည့်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းဝင်း၊ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းဝင်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသက်ဦး၊ မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆန်းမြင့်နှင့်ဝန်ထမ်းများ၊ ဒေသခံပြည်သူများက ဆည်အတွင်းသို့ ငါးမျိုးစုံတို့ကို စိုက်ထည့်ပေးကြသည်။ **(အောက်ပုံ)**

စိုက်ထည့်ပေး

အဆိုပါ ဆည်အတွင်းသို့ စိုက်ထည့်ပေးသည့် ငါးမျိုးများတွင် ငါးမြစ်ချင်းသားပေါက် ကောင်ရေတစ်သိန်း၊ ငါးခုံးမသားပေါက် ကောင်ရေ ၇၀၀၀၀နှင့် တီလားပီးယားငါးသားပေါက်ကောင်ရေ ၃၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ နှစ်သိန်း စိုက်ထည့်ပေးခဲ့ကြသည်။ **(သတင်းစဉ်)**

နေပြည်တော်တပ်ကုန်းမှ တောင်သူဦးကြီးများသည် စီးပွားရေး တွက်ခြေကိုက်သော ငွေချည် (၆) မိုးနှောင်းချည်မျှင်ရှည်ဝါကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလျက်ရှိ။

✻ ရှေ့ဖုံးမှ

ငွေချည်(၆)

ငွေချည်(၆) ချည်မျှင်ရှည်ဝါ စိုက်ပျိုးခြင်းကြောင့် အကျိုးအမြတ်ကို သိမြင်လာသော တောင်သူများ အနေဖြင့် တစ်နှစ်ထက်တစ်နှစ် စိုက်ဧကများ တိုးချဲ့လာကြသည်။ ငွေချည်(၆) ချည်မျှင်ရှည်ဝါမှာ နေပြည်တော်တပ်ကုန်းကဲ့သို့ မိုးရွာသွန်းမှုအသင့်အတင့်ရှိသော မြို့နယ်များတွင် ဖြစ်ထွန်းမှုကောင်းမွန်သည်။

ပြောကြား

မြန်မာ့အလင်း သတင်းဖွဲ့သည် မကြာမီက နေပြည်တော်တပ်ကုန်းသို့ သတင်းခရီး ရောက်ခဲ့သည်။ အင်ပင်၊ မြောက်မြိုက်၊ ထွေ့ကြီး၊ အလယ်ကျွန်း၊ လက်ပံစသော ကျေးရွာများသည် ဝါစိုက်တောင်သူ အများဆုံးရှိသော ကျေးရွာများဖြစ်ကြောင်း၊ ဝါစိုက်ပျိုးမှု အများဆုံး ရွာများဖြစ်ကြောင်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနေအောင်၏ ပြောကြားချက်အရ သိရသည်။

သတင်းခရီးသည်တို့သည် အဆိုပါ ကျေးရွာများသို့ရောက်ခိုက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ဦးမြင့်သိန်းလိုက်ပါလျက် ဝါစိုက်ခင်းများသို့ ကွင်းဆင်းလေ့လာကြသည်။

အင်ပင်ကျေးရွာ

အင်ပင်ကျေးရွာသည် နေပြည်တော်တပ်ကုန်း တစ်မြို့နယ်လုံးတွင် ငွေချည် (၆) ချည်မျှင်ရှည်ဝါ စိုက်ပျိုးမှုအများဆုံး ကျေးရွာဖြစ်ကြောင်း၊ ဝါစိုက်ပျိုးမှုအကောင်းဆုံး ရွာလည်းဖြစ်ကြောင်း ဦးမြင့်သိန်း၏ ပြောကြားချက်အရ သိရသည်။

ဤအင်ပင်ကျေးရွာ အုပ်စုရှိ ဝါစိုက်ခင်းများသည် ယာမြေအများစု ဖြစ်သည်။ အချို့ ရေဝင်နည်းသော လယ်မြေများတွင် ငွေချည် (၆)ကို မလွတ်တမ်း စိုက်ကြသေးသည်။ အင်ပင် ကျေးရွာတစ်အုပ်စုလုံး ဝါစိုက်ဧက ၁၃၀၀ရှိကြောင်း သိရသည်။

နေပြည်တော်တပ်ကုန်းမြို့နယ် အင်ပင်ကျေးရွာအနီးရှိ ဝါစိုက်ခင်း အချို့မှာ ဝါပေါက်များ ပေါက်နေပေပြီ။ အချို့ဝါစိုက်ခင်းများမှာ ဝါသီး၊ ဝါပွင့်များဖြင့် လှပဝေဆာလျက်ရှိနေသည်။ ပတ်ဝန်းကျင်တစ်ခွင်မှာလည်း ပဲခူးရိုးမ၏ တောင်ရိပ်အောက်မှ ထန်းပင်၊ ထန်းတောများဖြင့်လွမ်းမောဖွယ် ကောင်းလှသည်။

သတင်းအဖွဲ့သည် ငွေချည် (၆) ချည်မျှင်ရှည်ဝါ စိုက်ပျိုးမှုနှင့်စပ်လျဉ်း၍ ဝါစိုက်တောင်သူများနှင့် တွေ့ဆုံမေးမြန်းရန် ခရီးဆက်လက်ထွက်ခဲ့ကြသည်။ ကျေးရွာအတွင်းရှိ နေအိမ်အချို့တွင် ဝါရွေးနေကြသူများ၊ ဝါရောင်းနှင့် ဝါဝယ်ပြုလုပ်နေသည်များ တွေ့ခဲ့ရသေးသည်။

> **"ဒီလို အေအဆင့်ရှိပြီး ဖြူဖွေးသန့်စင်နေတဲ့ဝါကို ကျပ် ၁၀၀၀ ပေးဝယ်ပါတယ်"**
> ဦးမြင့်ရွှေ
> ဝါစိုက်တောင်သူ၊ အင်ပင်ကျေးရွာ၊
> နေပြည်တော်တပ်ကုန်း။

ဝါစိုက်တောင်သူ

"ကျွန်တော်တို့ အင်ပင်ကျေးရွာ အုပ်စုမှာ ဝါအထွက် ကောင်းပါတယ်။ မနှစ်က တစ်ဧကေ ပျမ်းမျှ ပိဿာ ၈၀၀ ထွက်ပါတယ်။ ဒီနှစ်တော့ တစ်ဧကေ ပိဿာ ၁၂၀၀အထိ ထွက်မယ်လို့ ခန့်မှန်းထားပါတယ်။ ဒီနှစ်အထွက်နှုန်း ကောင်းမယ့်နှစ်ပါ။ ကျွန်တော် ယခုနှစ် ဝါ ၄ဧက စိုက်ထားပါတယ်"ဟု ဝါစိုက်တောင်သူ ဦးမြင့်ရွှေက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ရှင်းပြ

"ဝါကို အမှတ်(၁)စက်မှုဝန်ကြီးဌာနက ဝယ်ပါတယ်။ မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်းကလည်း ဝယ်ပါတယ်။ ဝါဒိုင်ဈေးက အေအဆင့်ရှိတဲ့ဝါကို ကျပ် ၁၀၀၀ ပေးဝယ်ပါတယ်။ ဘီအဆင့်ကိုတော့ ကျပ် ၉၀၀၊ စီအဆင့်မှာ ကျပ် ၈၀၀ ဝယ်ပါတယ်" ဟု ဦးမြင့်ရွှေက ရှင်းပြသည်။

စိုက်ပျိုးနိုင်

နေပြည်တော်တပ်ကုန်း၌ ၂၀၀၉-၂၀၁၀ခုနှစ်တွင် ငွေချည် (၆) မိုးနှောင်း ချည်မျှင်ရှည်ဝါစိုက်ပျိုးရန် လျာထားမှုမှာ ၁၁၆၈၈ဧကဖြစ်ကြောင်း၊ စိုက်ပျိုးနိုင်မှုမှာ ၇၈၇၁ ဧကဖြစ်ကြောင်း၊ စိုက်ပျိုးရန်ကျန်ရှိဧကများကို ဆောင်းပဲတီစိမ်းနှင့် ဆောင်းနှမ်း စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

တွက်ခြေကိုက်

ဤသို့ဖြင့် နေပြည်တော်တပ်ကုန်းမှ တောင်သူဦးကြီးများသည် စီးပွားရေး တွက်ခြေကိုက်သော ငွေချည်(၆) မိုးနှောင်းချည်မျှင်ရှည်ဝါကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့ စိုက်ပျိုးလျက်ရှိပါကြောင်း ကွင်းဆင်းစေ့ငုတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

အင်ပင်ကျေးရွာ ဦးမြင့်ရွှေ၏ နေအိမ်ခြံဝင်း၌ ဝါခင်းများမှ ကောက်ယူလာသော ဝါဂွမ်းများမှ ဝါကြွယ်များကို ဤသို့ ရွေးထုတ်သန့်စင်ကြရသည်။

(မြန်မာ့အလင်း)

❐ ကျောဖုံးမှ

ရွှေဘိုခရိုင်တွင် အားထားရသော ဆည်ကြီးငါးခုအပြင် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ထားသော ဆည်ကန်ငယ် ၁၀ခုလည်း ရှိနေပြီဖြစ်ကြောင်း၊ ကင်းတပ်ဆည်၊ ကာဘိုးဆည်၊ ကျီးပင်အက်ဆည်၊ ပေကြီးဆည်နှင့် ယခုတည်ဆောက်ပြီးစီးသွားသော လင်ပန်းဆည်တို့ဖြစ်ကြောင်း ဆက်လက်ရှင်းပြသည်။

မိုးလည်းမရွာ၊ နေလည်းမပူ၊ မိုးသားများအုံ့မှိုင်းနေသဖြင့် သွားလာရသည်မှာ သက်သောင့်သက်သာရှိလှသည်။ လယ်မြေများတွင် ရေများဝင်၍ စိမ်းစိမ်းစိုစို စပါးပင်ပျိုကလေးများကိုတွေ့ရသည်က မျက်စိအမြင် အေးမြစေသည်။

ဖွံ့ဖြိုးတိုးတက်မှု

ရွှေဘို-မြစ်ကြီးနား လမ်းမှလာရာ ကန့်ဘလူမြို့သို့ရောက်ခဲ့သည်။ မြို့အဝင် ကတ္တရာလမ်းမကြီး၏ယာဘက်တွင် သပ်ရပ်လှပခံ့ညားသော ကန့်ဘလူမြို့ စာတိုင်ကြီး စိုက်ထူထားသည်။ ဝဲ ယာနှစ်ဖက်စလုံးတွင် သစ်ပင်များနှင့် စိမ်းစိမ်းစိုစိုမြင်တွေ့ရသည်ကလည်း မျက်စိအေးစရာပင်။ မြို့အရှေ့ဘက်မှအဝင် နှစ်ဖာလုံခန့် ဝင်မိသည်ဆိုလျှင်ပင် မြို့ကျက်သရေဆောင် လွတ်လပ်ရေး အထိမ်းအမှတ်ကျောက်တိုင်၊ အပန်းဖြေအနားယူစရာ ပန်းဥယျာဉ်၊ ဘောလုံးအားကစားပြိုင်ကွင်းကြီးနှင့် မိုးလုံလေလုံအားကစားရုံ အဆောက်အအုံတို့က မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်နေမှုကို အားရစဖွယ် တွေ့မြင်ရသည်။

မြို့လယ်အရောက်တွင် ရွှေယက္ခရတနာကန်တော် ကမ္ပည်းထိုးကာ သမိုင်းဝင် ကန့်ဘလူမြို့ဖြစ်ကြောင်း အထိမ်းအမှတ် ကန်တော်အဖြစ် ဆေးရောင်များခြယ်သပြီး လှပစွာပြုပြင် တည်ဆောက်ထားသည်ကိုလည်း တွေ့ရသည်။ မဟာသက္ကရာဇ် ၄၆ခုနှစ်တွင် ကပ္ပိလဝတ်ပြည့်ရှင် ကဠနမင်းကြီး မြေထူးမြို့တည်စဉ် ဇရပ်အပါအဝင် ရေကန်ငယ် ကိုးကန်တည်ဆောက်ပြီး တာရှည်ခိုင်မြဲစေရန် ဘီလူးအား အစောင့်ခိုင်းထားခြင်းကို အစွဲပြုပြီး ကန်ဘီလူးဟုခေါ်ဆိုရာမှ အချိန်ကာလရွေ့လျောပြီး ကန့်ဘလူဟု အမည်တွင်လာခဲ့ကြောင်း၊ ၁၈၉၃ခုနှစ်တွင် မန္တလေး-မြစ်ကြီးနားရထားလမ်း၌ ဘူတာရုံတစ်ရုံထားရှိပြီး ကန့်ဘလူမြို့ဟု သတ်မှတ်ခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

> **"စိုက်ပျိုးရေးဖြစ်ထွန်းတော့ စီးပွားရေးလည်း တိုးတက်လာပါတယ်"**
> ဦးဝေမျိုးခိုင်၊ ဥက္ကဋ္ဌ
> မြို့နယ်အေးချမ်းသာယာရေးနှင့်
> ဖွံ့ဖြိုးရေးကောင်စီ။

စိုက်ပျိုးရေး

ကန့်ဘလူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝေမျိုးခိုင်နှင့် တွေ့ဆုံရာတွင်- "ကန့်ဘလူမြို့နယ်သည် စိုက်ပျိုးရေးကို အဓိကထား၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်နေခြင်းဖြစ်ကြောင်း၊ လယ်မြေ ၁၃၅၃၁၁ဧကနှင့် ယာမြေ ၂၉၁၂၆၆ ဧကတွင် သီးနှံစိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်အစိုးရလက်ထက်တွင် ရေလှောင်တမံများ တည်ဆောက်ပြီး ဆည်ရေပေးသဖြင့် စိုက်ပျိုးဧကတွေ တိုးတက်များပြားလာကြောင်း၊ ကန့်ဘလူမြို့နယ်အနေဖြင့် ၂၀၀၁-၂၀၀၂ခုနှစ်က မိုးစပါးဧက ၁၂၈၃၆၁ဧက စိုက်နိုင်ခဲ့ပြီး မနှစ်က ၁၄၇၂၄၈ဧကအထိ တိုးတက်စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခင်က နွေစပါးလုံးဝမစိုက်နိုင်ခဲ့ဘဲ ပြီးခဲ့သည့်နှစ်က နွေစပါး ၂၄၁၂၈ဧက စိုက်ပျိုးလာနိုင်ကြောင်း၊ နွေစပါးမှာ ၈၃ဒသမ ၇၁တင်းနှုန်း ထွက်ရှိသဖြင့် လျာထားအထွက်နှုန်း ပြည့်မီခဲ့ပါကြောင်း၊ ၁၉၈၈ခုနှစ်တုန်းက စပါးစိုက်ဧက ၁၀၈၀၁၂ဧကသာရှိတဲ့အတွက် ယခုနှစ် စိုက်တာနှင့်နှိုင်းယှဉ်လျှင် စပါးစိုက်ဧကတိုးတက်လာသော အနေအထားပေါ်လွင်နေကြောင်း၊ သီးနှံစိုက်ဧကအနေဖြင့် ၂၀၀၁-၂၀၀၂ခုနှစ်က ၅၂၈၃၆၅ဧကသာ ရှိခဲ့ရာမှ ၂၀၀၈-၂၀၀၉ခုနှစ်တွင် ၈၉၄၈၃၁ဧကအထိ တိုးတက်လာခဲ့ကြောင်း၊ သီးထပ်သီးညှပ်အနေဖြင့်၂၀၀၈-၂၀၀၉ခုနှစ်မှာ ၂၅၆၇၀၀ဧက တိုးချဲ့ပြီးစိုက်ပျိုးနိုင်သည်မှာ ဆည်များ၊ ကန်များမှ ရေရ၍ပင်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတိုးတက်၍ စီးပွားရေးလည်း တိုးတက်လာကာ လူတစ်ဦးချင်း၏ဝင်ငွေလည်း တိုးတက်မြင့်မားလာခဲ့ကြောင်း" ဖြင့် စီးပွားရေးတိုးတက်မှုကို ရှင်းလင်းပြောကြားသွားသည်။

မိုးစပါး

၂၀၀၉-၂၀၁၀ခုနှစ်အတွက်မိုးစပါး ၄၉၃၆၇ဧက၊ ပဲမျိုးစုံ ၁၅၄၂၃၉ဧက၊ ဆီထွက်သီးနှံ ၈၅၆၁၄ဧက၊ ချည်မျှင်ရှည်ဝါ ၂၅၂ဧက၊ ချက်ကြဲရင့် ၂၂၅၈၈ဧက၊ အစေ့ထုတ်ပြောင်း ၆၁၄၂၅ဧက အပါအဝင် သီးနှံစုံ ၄၂၉၄၁၉ဧက

> **ကန့်ဘလူမြို့နယ် ဝက်တိုး(မြောက်) အုပ်... တောင်သူ ၁၆၈ဦးတို့က မိုးစပါးဧက ၅၀၀ကျော်ကို...**

စိုက်ပျိုးထားပြီးဖြစ်ရာ စီမံကိန်းလျာထားချက် ပြည့်မီကျော်လွန်သည်ဟု သိရှိရသည်။ ဒေသဝမ်းစာဖူလုံမှုမှာ ၂၇၄ရာခိုင်နှုန်းနှင့် စားသုံးဆီဖူလုံမှုအနေဖြင့် ၈၄၉ရာခိုင်နှုန်း ရှိသည်။

မွေးမြူရေး

တစ်ပိုင်တစ်နိုင် မွေးမြူရေးအတွက် တစ်အိမ်ထောင် ဝက်တစ်ကောင်၊ ကြက် ၁၀ကောင် မွေးမြူရေး စည်းရုံး

■ ကျောဖုံးမှ

အသက်အန္တရာယ် ပိုများကြောင်း သုတေသီတို့ နောက်ဆုံးတွေ့ရှိရသည်ဟု ဆိုသည်။

ယုံကြည်ယူဆ

ဖောလစ်အက်စစ်နှင့် ဗီတာမင်များကို စွဲမြဲစွာ အပိုဆောင်းသုံးခြင်းသည် ကျန်းမာသန့်စွမ်းသော ကလာပ်စည်းသစ်များ တိုးပွားရေးတွင် အဓိကကျသည်ဟု အချိန်ကြာမြင့်စွာ ယုံကြည်ယူဆခဲ့သည်။ ကိုယ်ဝန် ပထမခြောက်လအတွင်း ယင်းသို့ သုံးခြင်းဖြင့် သူငယ်နာဖုကဲ့သို့သော မွေးရာပါချို့ယွင်းမှုများကိုပင် ကာကွယ်နိုင်သည်ဟုလည်း အဆိုရှိခဲ့သည်။

နောက်ဆုံးတွေ့ရှိချက်အရမူ ဖောလစ်အက်စစ်ကို သုံးနှစ်ကျော် သုံးလျှင် ကင်ဆာကလာပ်စည်းစုများ ကြီးထွားအောင် တွန်းအားပေးသည်ဟု သိရသည်။

အသက်အန္တရာယ်

အပိုဆောင်း သုံးသူများအနေဖြင့် အဆုတ်ကင်ဆာဖြစ်လျှင် သာမန်ထက် ၂၅ရာခိုင်နှုန်း ရောဂါပို၍ ပျံ့နှံ့သည်။ အသက်အန္တရာယ် ပိုနီးသည်၊ နှလုံးရောဂါဖြစ်လျှင်လည်း အသက်အန္တရာယ် ပိုများသည်ဟု ဆိုသည်။

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်ဝစေဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

မြောက်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၂၃

__ယနေ့နံနက်၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ__ လွန်ခဲ့သော ၂၄နာရီအတွင်းက ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက်၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၆ဒီဂရီစင်တီဂရိတ်၊ မင်းတပ်မြို့တို့တွင် ၇ဒီဂရီစင်တီဂရိတ်နှင့် ကသာမြို့တွင် ၉ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ ဝမြို့တွင် ဝဒသမ ၂၄လက်မတို့ ဖြစ်ကြသည်။

__ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ__ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

__နိုဝင်ဘာ ၂၄ရက်ညနေအထိခန့်မှန်းချက်မှာ__ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

__မြန်မာ့ပင်လယ်ပြင်တွင်__ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံအရှေ့ဘက်မှလေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

__နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ__ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက်ထစ်ချုန်းရွာနိုင်သည်။

__နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်__ ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

__ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်__ ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

__မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်__ ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

၂၀၀၈ -၂၀၀၉ခုနှစ်က မြန်မာနိုင်ငံ တစ်နိုင်ငံလုံးတွင် ကန့်ဘလူမြို့နယ်သည် ကျေးလက်လမ်းများ အကောင်အထည်ဖော်ရေး ပထမဆုနှင့် မြို့ပြ သန့်ရှင်းသာယာလှပရေး ဒုတိယဆုတို့ကို ဆွတ်ခူးရရှိခဲ့။

၂၀၀၈-၂၀၀၉ခုနှစ်က မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် ကန့်ဘလူမြို့နယ်သည် ကျေးလက်လမ်းများ အကောင်အထည်ဖော်ရေး ပထမဆုနှင့် မြို့ပြသန့်ရှင်းသာယာလှပရေး ဒုတိယဆုတို့ကို ဆွတ်ခူးရရှိခဲ့ပါကြောင်း မြို့ကန့်ဘလူ၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်းကို ကွင်းဆင်းလေ့လာရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ကန့်ဘလူမြို့နယ်သည် ၁၅၉၉ ဒသမ ၃၅ဧရိယာ စတုရန်းမိုင်၊ ၁၀၂၃၅၈၇ဧက ကျယ်ဝန်းသည်။ အရှေ့မြောက်ဘက်တွင် ဧရာဝတီမြစ်နှင့် သပိတ်ကျင်းမြို့နယ်၊ အနောက်ဘက်တွင် မူးမြစ်နှင့် တန့်ဆည်မြို့နယ်၊ တောင်ဘက်တွင် ခင်ဦးမြို့နယ်၊ မြောက်ဘက်တွင် ကောလင်းမြို့နယ်နှင့် ကျွန်းလှမြို့နယ်တို့ တည်ရှိသည်။ ရပ်ကွက် ငါးရပ်ကွက်၊ ကျေးရွာအုပ်စု ၈၆အုပ်စု၊ ကျေးရွာ ၂၇၃ရွာဖြင့် ဖွဲ့စည်းထားပြီး အိမ်ထောင်စု ၃၈၇၇၃စုနှင့် လူဦးရေ ၂၉၀၀၀၀ ကျော် နေထိုင်လျက်ရှိကြသည်။

၁၄၇၂၄၈ဧကအထိ တိုးတက်စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခင်က နှမ်းစပါး လုံးဝမစိုက်နိုင်ခဲ့ဘဲ ပြီးခဲ့သည့်နှစ်က နွေစပါး ၂၄၁၂၈ဧက စိုက်ပျိုးလာနိုင်ကြောင်း၊ နွေစပါးမှာ ၈၃ဒသမ ၇၁တင်းနှုန်း ထွက်ရှိသဖြင့် လျာထားအထွက်နှုန်း ပြည့်မီခဲ့ပါကြောင်း၊ ၁၉၈၈ခုနှစ်တုန်းက စပါးစိုက်ဧက ၁၀၈၀၁၂ဧကသာရှိတဲ့အတွက် ယခုနှစ်စိုက်တာနှင့်နှိုင်းယှဉ်လျှင် စပါးစိုက်ဧကတိုးတက်လာသော အနေအထားပေါ်လွင်နေကြောင်း၊ သီးနှံစိုက်ဧကအနေဖြင့် ၂၀၀၁-၂၀၀၂ခုနှစ်က ၅၂၈၃၆၅ဧကသာ ရှိခဲ့ရာမှ ၂၀၀၈-၂၀၀၉ခုနှစ်တွင် ၈၉၄၈၃၁ဧကအထိ တိုးတက်လာခဲ့ကြောင်း၊ သီးထပ်သီးညှပ်အနေဖြင့်၂၀၀၈-၂၀၀၉ခုနှစ်မှာ ၂၅၆၇၀၀ဧက တိုးချဲ့ပြီးစိုက်ပျိုးနိုင်သည်မှာ ဆည်များ၊ ကန်များမှ ရေရ၍ပင်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတိုးတက်၍ စီးပွားရေးလည်း တိုးတက်လာကာ လူတစ်ဦးချင်း၏ဝင်ငွေလည်း တိုးတက်မြင့်မားလာခဲ့ကြောင်း" ဖြင့် စီးပွားရေးတိုးတက်မှုကို ရှင်းလင်းပြောကြားသွားသည်။

မိုးစပါး

၂၀၀၉-၂၀၁၀ခုနှစ်အတွက်မိုးစပါး ၄၉၃၆၇ဧက၊ ပဲမျိုးစုံ ၁၅၄၂၃၉ဧက၊ ဆီထွက်သီးနှံ ၈၅၆၁၄ဧက၊ ချည်မျှင်ရှည်ဝါ ၂၅၂ဧက၊ ချက်ကြဲရင့် ၂၂၅၈၈ဧက၊ အစေ့ထုတ်ပြောင်း ၆၁၄၂၅ဧက အပါအဝင် သီးနှံစုံ ၄၂၉၄၁၉ဧက စိုက်ပျိုးထားပြီးဖြစ်ရာ စီမံကိန်းလျာထားချက် ပြည့်မီကျော်လွန်သည်ဟု သိရှိရသည်။ ဒေသဝမ်းစာဖူလုံမှုမှာ ၂၇၄ရာခိုင်နှုန်းနှင့် စားသုံးဆီဖူလုံမှုအနေဖြင့် ၈၄၉ရာခိုင်နှုန်း ရှိသည်။

မွေးမြူရေး

တစ်ပိုင်တစ်နိုင် မွေးမြူရေးအတွက် တစ်အိမ်ထောင် ဝက်တစ်ကောင်၊ ကြက် ၁၀ကောင် မွေးမြူရေး စည်းရုံးဆောင်ရွက်ခဲ့ရာ တစ်အိမ်ထောင် ဝက်တစ်ကောင်၊ ကြက် ၁၈ကောင်နှုန်းဖြင့် မြို့နယ်အတွင်း ဝက် ၄၀၇၁၄ ကောင်၊ ကြက်ကောင်ရေ ၇၄၀၁၀၀ မွေးမြူထားရှိပြီးဖြစ်၍ မြို့နယ်အတွင်း စီးပွားဖွံ့ဖြိုးတိုးတက်မှု မြင့်မားလာသည်ဟု သိရသည်။ တိရစ္ဆာန်များ၏ ဇီဝလုံခြုံမှု ကာကွယ်ပေးနိုင်ရေးနှင့် ယနေ့ခေတ်စားနေသည့် H5N1 ဆိုသည့် ကြက်ငှက်တုပ်ကွေးရောဂါကိုလည်း ကာကွယ်ပြီးသားဖြစ်ရန် ကြက်မွေးမြူရေးဇုန်များ သီးခြားထားပေးခဲ့ကြောင်း၊ ဇီးကုန်း ကြက်မွေးမြူရေးဇုန်၊ ထန်းကုန်း ကြက်မွေးမြူရေးဇုန်၊ ကန့်ဘလူ ကြက်မွေးမြူရေးဇုန်တို့ဖြစ်ပြီး ထွက်ရှိသော ကြက်သားများကို မြစ်ကြီးနားအထိ ရထားနှင့်တင်ပို့ရောင်းချ စီးပွားဖြစ်ထွန်းနေပါကြောင်း ဆက်လက် ရှင်းပြသည်။ မြို့နယ် စိမ်းလန်းစိုပြည်ရေးအတွက် အပင်မျိုးစုံ ၇၅၂၁၀ စိုက်ပျိုးထားပြီး မြေထူး လမ်းဘေးဝဲယာတွင် ထန်းပင်ပေါင်း ၄၂၆၆ပင်ကို စတင်စိုက်ပျိုးလျက်ရှိသည်ဟု သိရသည်။

ဆက်သွယ်ရေး

ဆက်သွယ်ရေးကဏ္ဍတွင် ယခင်က လက်လှည့်တယ်လီဖုန်းများဖြင့်သာ ဆက်သွယ်ပြောဆိုနေရာမှ ယခုအခါ အော်တိုအိတ်ချိန်းတစ်ခုနှင့် အော်တိုတယ်လီဖုန်း ၇၂၃လုံး၊ ဆီမီးအော်တိုအိတ်ချိန်းနှစ်ခုနှင့် တယ်လီဖုန်း ၄၆၃လုံး၊ လက်လှည့်အိတ်ချိန်း ခုနစ်ခုနှင့် တယ်လီဖုန်း ၅၂၁လုံး၊ မြို့နယ်နှင့်ကျေးရွာများတွင် အများပြည်သူသုံးတယ်လီဖုန်း အလုံး ၄၀နှင့် ခေတ်မီ CDMA မိုဘိုင်းလ်ဖုန်း ၃၈၀တို့ကို တပ်ဆင်ထားပေးပြီးဖြစ်ရာ မြို့နယ်နှင့် ကျေးရွာတွင်သာမက ကမ္ဘာနှင့်ပါ ဆက်သွယ်နိုင်သည်အထိ ကန့်ဘလူမြို့သည် ဒေသဖွံ့ဖြိုးတိုးတက်မှု ရှိလာခဲ့ပေပြီ။

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့ အထိမ်းအမှတ်စာတိုင်နှင့် စိမ်းလန်းစိုပြည်နေသော မြို့အဝင်လမ်းမကြီးကို ရွှေဘို-မြစ်ကြီးနားလမ်းမှအဝင် ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ကန့်ဘလူမြို့နယ် ဝက်တိုး(မြောက်) အုပ်စုကွင်း ခြောက်ကွင်းတွင် တောင်သူ ၁၆၈ဦးတို့က မိုးစပါးဧက ၅၀၀ကျော်ကို ဤသို့ စိုက်ပျိုးထားသည်။ (မြန်မာ့အလင်း)

ကန့်ဘလူဟု အမည်တွင်စေသော သမိုင်းဝင် ရွှေယက္ခရတနာ ကန်တော်ကို ကန့်ဘလူမြို့လယ်တွင် ဤသို့ သပ်ရပ်လှပစွာ တည်ဆောက်ထားသည်။ (မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၁ခုနှစ် နတ်တော်လဆန်း ၈ရက် (ဥပုသ်နေ့)၊ ၂၄-၁၁-၂၀၀၉(အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	**မြတ်ဂုဏ်တော်သခင်** (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၄၅	၅။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၆။	အတီးပြိုင်ပွဲ
၈း၀၅	၇။	**စက်နှင့်စက်ကိရိယာ ပစ္စည်းထုတ်လုပ်မှုစက်ရုံ**(မြိုင်)
၈း၁၅	၈။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၂၅	၉။	နှောင်းခေတ်တေးပဒေသာ
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	**အေးမြသော လေညင်းလေးများ**

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	အကပြိုင်ပွဲ
၄း၂၀	၃။	ကြေးမုံရိပ်သွင် တေးနယ်ဉ်
၄း၃၀	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(စီးပွားစီမံအထူးပြု) (စီးပွားစီမံ)
၄း၄၅	၅။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေး တေးများ
၅း၀၀	၆။	တေးဂီတအစီအစဉ်
၅း၁၅	၇။	**ငွေကြေးကိစ္စမှန်သမျှ ဘဏ်ကိုသာအားကိုးကြ**
၅း၄၅	၈။	ရင်မှာစွဲထင် တေးအလှသံစဉ်
၆း၀၀	၉။	ညနေခင်းသတင်း
၆း၁၅	၁၀။	မိုးလေဝသအခြေအနေ
၆း၂၀	၁၁။	**ကြယ်ပွင့်များရဲ့ ရင်ခုန်သံ**
၆း၃၅	၁၂။	ဆိုလိုက်ကြစို့
၇း၀၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (အပိုင်း-၁၁)
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	**ကြယ်စင်သက်သေ** (အပိုင်း-၃) ရန်အောင်၊ လွင်မိုး၊ ထွန်းထွန်းဝင်း၊ နေတိုး၊ ထွန်းထွန်း(Examplez)၊ ရဲလေး၊ ဘုန်းလျှံ၊ဆန်းထွဋ်၊ ဟိန်းဝေယံ၊ မေသန်းနု၊ မေသဉ္ဇာဦး၊ အိန္ဒြာကျော်ဇင်၊ စိုးမိုးကြည်၊ သဇင်၊ ဝိုင်းစုခိုင်သိန်း၊ စိုးရတနာ၊ ဇူးဇူးမောင်၊ (ဒါရိုက်တာ-မလိခစိုးထိုက်အောင်)
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ** (အပိုင်း-၂)
	၁၉။	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

နိုင်ငံတော်ဩဝါဒါစရိယ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ပင်လုံမြို့ မင်္ဂလာမွေတော်ကျောင်းတိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တသောဘိတ၏

ထေရုပ္ပတ္တိအကျဉ်း



ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ရှမ်းပြည်နယ် ကွန်ဟိန်းမြို့နယ် ဆိုင်ခေါင်းကျေးရွာ ခမည်းတော် ဦးကျောင်းဆံ၊ မယ်တော်ဒေါ်ကျောင်းမိန်တို့မှ ၁၂၉၄ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၅ရက် (သောကြာနေ့)တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။ **(ယာပုံ)**

ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၀၇ခုနှစ်တွင် ဆိုင်ခေါင်းကျောင်းဆရာတော် ဘဒ္ဒန္တကဝိကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၆ခုနှစ်တွင် နောင်ကွပ်ကျောင်းဆရာတော် ဘဒ္ဒန္တဝိစိတ္တကို ဥပဇ္ဈာယ်ပြု၍ ယင်းကျောင်းခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ကွန်ဟိန်းမြို့နယ် ဆိုင်ခေါင်းကျောင်းဆရာတော် ဘဒ္ဒန္တကဝိ၊ မိုင်းရှူးဆရာတော် ဘဒ္ဒန္တပညာဘောဂ၊ ပင်လုံပိဋကတ်ဘာသာပြန်ကျောင်းဆရာတော် ဘဒ္ဒန္တဉာဏသမ္ဘာရ၊ ပင်လုံမင်္ဂလာမွေတော်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိစိတ္တတို့ထံ၌ ပရိယတ္တိစာပေများကို ကျမ်းရိုးပေါက် သင်ယူတတ်မြောက်ခဲ့သည်။

စာပေပို့ချခြင်းနှင့် သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ၁၃၂၅ခုနှစ်မှစ၍ ပင်လုံမြို့ မင်္ဂလာမွေတော်ကျောင်းတိုက်၌ တပည့်သံဃာအပါး ၁၃၀ကျော်တို့ကို ပရိယတ္တိစာပေများ သင်ကြားပို့ချတော်မူရင်း ၁၃၂၆ခုနှစ် မော်ဘီမြို့ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး၏ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ရှမ်းပြည်နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မပါလ စာမေးပွဲအကျိုးတော်ဆောင်၊ ပိဋကတ်တော် ရှမ်းဘာသာပြန်သံဃာ့အဖွဲ့၏ အထွေထွေ အကျိုးတော်ဆောင်၊ စာပြန်ပွဲတော်ကြီး၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပင်လုံမြို့၊ မင်္ဂလာမွေတော် မြို့နာမ်မွေတော်စေတီတော်၏ ဩဝါဒါစရိယအဖြစ်လည်းကောင်း၊ ၁၉၈၀ ပြည့်နှစ်မှစ၍ ၁၉၉၀ပြည့်နှစ်အထိ ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းတွင် ပြည်နယ်သံဃနာယကအဖြစ်လည်းကောင်း၊ ၁၉၉၀ပြည့်နှစ်မှစ၍ ၂၀၀၇ ခုနှစ်အထိ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၂၀၀၇ခုနှစ်မှစ၍ ယနေ့တိုင် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့သည်။

ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော် အကျိုးသယ်ပိုး ဆောင်ရွက်တော်မူပြီး လဇ္ဇီပေသလ သိက္ခာကာမ ပရိယတ္တိ ဝိသာရဒစသောဂုဏ်၊ ပရဟိတာဝဟ သာသနဟိတရေ ခမာဇာဂရိယဂုဏ်နှင့် ပြည့်စုံတော်မူ၍ ၁၃၅၄ (၁၉၉၃) ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်နှင့် ၁၃၆၉ (၂၀၀၈)ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့သည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ဘုရားကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၇၇နှစ်၊ သိက္ခာတော် ၅၆ဝါအရ ၁၃၇၁ခုနှစ်၊ နတ်တော်လဆန်း ၆ရက်၊ ၂၂-၁၁-၂၀၀၉ (တနင်္ဂနွေနေ့) ည ၁၁နာရီ ၀၅မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သံတွဲမြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

သံတွဲ နိုဝင်ဘာ ၂၃

သံတွဲမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို နိုဝင်ဘာ ၆ရက် ညနေ ၃နာရီက ဒွါရာဝတီအားကစားပြိုင်ကွင်း၌ ကျင်းပသည်။

ဗိုလ်စွဲ

ရှေးဦးစွာ ဗိုလ်လုပွဲအဖြစ် သံတွဲမြို့နယ်လင်းသာကျေးရွာအုပ်စု ဘောလုံးအသင်းနှင့် ဇီးဖြူကုန်းကျေးရွာအုပ်စု ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အချိန်ပို ပယ်နယ်တီ ပြီးဆုံးချိန်အထိ ငါးဂိုး-လေးဂိုးဖြင့် လင်းသာကျေးရွာအုပ်စု ဘောလုံးအသင်းက ဇီးဖြူကုန်းကျေးရွာအုပ်စု ဘောလုံးအသင်းကို အနိုင်ရ ဗိုလ်စွဲပြီး ပထမဆုဖလားကို ဆွတ်ခူးရရှိသည်။

တတိယ

ထို့နောက် တတိယနေရာအတွက် ပုဇွန်ဖြေကျေးရွာအုပ်စု ဘောလုံးအသင်းနှင့် ဆင်ခေါင်းကျေးရွာအုပ်စုဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပုဇွန်ဖြေကျေးရွာအုပ်စုဘောလုံးအသင်းက လေးဂိုး-သုံးဂိုးဖြင့် ဆင်ခေါင်းကျေးရွာအုပ်စု ဘောလုံးအသင်းကို အနိုင်ရရှိကာ တတိယဆု ရရှိခဲ့သည်။

(ခရိုင် ပြန်/ဆက်)

စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲ

ခင်မောင်ထွန်း(လမ်းမတော်)

လနတ်တော်ပျော်တုန်းမို့ - အုန်းခြိမ့်ခြိမ့်လာ
တေဇောဓာတ်အလာ - ရာသီမှာနေ
ပြုဗ္ဗာသာဠ်မိဂသီ - နေ့နာရီညဥ့်ကိုလည်းရှု
ရွှေဟသာ်ာတာရာပြုနှင့် - ပွင့်ဥကမှုန်မှုန်
ရွှေသဇင်ဖူးငုံ - ဖော်မစုံညွတ်ပျောင်း
မြတ်စာဆိုမဟာ - ပူဇော်ရာပွဲ ''ကန်တော့'' ကြောင်း---
(အမည်မသိ-ရှေးစာဆိုတစ်ဦး)

''**နတ်တော်လ**'' ကို မြန်မာတို့၏ ယဉ်ကျေးမှုအစဉ်အလာအရ ရှေးမြန်မာမင်းများလက်ထက်ကပင် စာပေပညာရှင်ကြီးများကို ဂုဏ်ပြုသော ''စာဆိုတော်လ'' အဖြစ် သတ်မှတ်ခဲ့ကြပါသည်။

ပုဂံခေတ်ကျောက်စာများ၌ ''နတ္တာဝ်၊ နတ်တော်ဝ်၊ နတ္တဝ်'' စသည်ဖြင့် ဖော်ပြခဲ့ပါသည်။ အဓိပ္ပာယ်မှာ ''ကြီးကဲမြင့်မြတ်သူ ပညာရှိကြီးတို့အား ကိုးကွယ်ပူဇော် ချီးမြှောက်သောလအခါ'' ဟု အဓိပ္ပာယ်ရပါသည်။

စာရေးသူ ဖတ်ရှုမှတ်သားမိသမျှတွင် တောင်ငူခေတ် (ကောဇာနှစ်-၉၁၈ခန့်) ဆင်ဖြူရှင်ဟု ခေါ်တွင်သော ဘုရင့်နောင်မင်းလက်ထက်တွင် နတ်တော်လစာဆိုတော်နေ့တွင် အမိနိုင်ငံတော်အတွက် လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသော ပညာရှင်များကို ပူဇော်ကန်တော့ပွဲများ ကျင်းပခဲ့သကဲ့သို့ ကုန်းဘောင်ခေတ်(ကောဇာနှစ်-၁၁၄၃)ခန့်၌ ပဒုံမင်း၊ မင်းကြီးလက်ထက်တွင် စာဆိုတော်ရှင်ကြီးများကို စာဆိုတော်နေ့၌ ချီးမြှင့်ပူဇော်ခဲ့ကြောင်း၊ မြန်မာမင်းများ အဆက်ဆက်တို့ကလည်း စာပေပညာရှင်ကြီးများကို ချီးမြှင့်ပူဇော်ခဲ့ကြကြောင်း သိရှိရပါသည်။

- **စာပေသည် လူမျိုး၏ ယဉ်ကျေးမှုမဏ္ဍိုင်ဖြစ်သည်**
- **စာပေမြင့်မှ လူမျိုးမြင့်မည်**
- **စာပေသည် တိုင်းပြည်တစ်ပြည်၏ ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ပြနေသည်။**

မြန်မာနိုင်ငံ၏ ရှေးနှစ်ပေါင်းများစွာ ဘိုး၊ ဘွား၊ ဘီ၊ ဘင် လက်ထက်ကပင် နတ်တော်လကို စာဆိုတော်လဟု သတ်မှတ်၍ စာပေပညာရှင်ကြီးများအား ချီးမြှင့်ပူဇော်ခဲ့ကြခြင်းကြောင့် မြန်မာနိုင်ငံ မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုအဆင့်အတန်းသည် နိုင်ငံတကာအလယ်တွင် ဂုဏ်ယူဖွယ်ရာ ဖြစ်ပါသည်။

မြန်မာနိုင်ငံကို နယ်ချဲ့တို့ အုပ်စိုးနေစဉ်ကာလက မြန်မာ့တပ်မတော်နှင့် ပြည်သူများ လွတ်လပ်ရေးရရှိရန်အတွက် တိုက်ပွဲဝင်နေစဉ်ကာလများကပင် မြန်မာနိုင်ငံစာရေးဆရာအသင်းကြီးက '' **စာဆိုတော်နေ့** '' ကို နှစ်စဉ်မပျက် ကျင်းပခဲ့ကြပါသည်။

၁၉၄၂ ခုနှစ် စက်တင်ဘာလ ၉ ရက်တွင် မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီးကို စနစ်တကျဖွဲ့စည်းခဲ့ပြီး ထိုစဉ်ကာလမှာပင် တိုင်းရင်းသားပြည်သူများက ''မြန်မာမျိုးချစ်တပ်မတော်'' ကို ဖွဲ့စည်း၍ မျိုးချစ်တပ်မတော်ကြီးက အသက်ကိုရင်း၍ နယ်ချဲ့ဖက်ဆစ်များအား ''လက်နက်စွဲကိုင်'' တိုက်ပွဲဝင်ခဲ့သလို မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီးကလည်း အမျိုးသားရေး၊ လွတ်လပ်ရေးအတွက် ကလောင်ကိုစွဲကိုင်ကာ လှုံ့ဆော်စည်းရုံး တိုက်ပွဲဝင်ခဲ့ကြပါသည်။ ခေတ်အဆက်ဆက်ပင် စာဆိုတော်နေ့ စာပေပညာရှင်ကြီးများကို ဂုဏ်ပြုချီးမြှင့် ပူဇော်ကန်တော့ခဲ့ကြပါသည်။

ယခုနှစ်တွင်လည်း စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲကို ယခင်နှစ်များထက် တိုးတက်စည်ကားစွာ ကျင်းပနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ''မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့'' သည် လုပ်ငန်းကော်မတီများ ဖွဲ့စည်းကာ လုပ်ငန်းများ စတင်ဆောင်ရွက်နေကြပြီ ဖြစ်ပါသည်။

ယခင်နှစ်က တစ်နိုင်ငံလုံး အသက် (၈၀)ကျော် စာရေးဆရာကြီး၊ ဆရာမကြီး ၁၃၁ ဦးရှိခဲ့ရာ ၁၇ ဦးတို့မှာ ကွယ်လွန်သွားခဲ့ကြပြီ ဖြစ်ပါသည်။ ယခုနှစ်အတွက် စာရင်းပြုစုခဲ့ရာတွင် အသက်(၈၀)ကျော်လာသူ ၁၇ဦး ထပ်တိုးလာ၍ ယခုနှစ်တွင်လည်း ၁၃၁ဦးကို ဂုဏ်ပြုချီးမြှင့် ပူဇော်ကြမည်ဖြစ်ပါသည်။

သက်ကြီးပညာရှင်များ ကန်တော့ပွဲအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နှစ်စဉ်ရန်ပုံငွေများ ထိုက်တန်စွာ မတည်လှူဒါန်းပေးခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးက အနီးကပ်ကြီးကြပ်ပံ့ပိုး၍ အလှူငွေထည့်ဝင်ကာ ဝန်ကြီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် စေတနာရှင် အလှူရှင်များက ထည့်ဝင်လှူဒါန်းခဲ့ကြသည်။

ယခုနှစ်တွင်လည်း နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မတည်ငွေများ ထည့်ဝင်လှူဒါန်းခဲ့ပြီး ဝန်ကြီးဌာနများ၊ အလှူရှင်များက လှူဒါန်းလျက် ရှိနေကြပါသည်။ ယခုအခါ မြန်မာစာပေတိုးတက်မြင့်မားရန်နှင့် စာပေဗဟုသုတကြွယ်ဝသော နိုင်ငံသားများဖြစ်လာစေရန် နိုင်ငံတော်က ဆောင်ရွက်ပေးလျက် ရှိပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနက နှစ်စဉ် ''အမျိုးသားစာပေဆု''၊ ''စာပေဗိမာန် စာပေဆု'' နှင့် ပုဂ္ဂလိက အလှူရှင်များက စာပေဆုများကိုလည်း ထိုက်တန်စွာ ချီးမြှင့်ပေးလျက်ရှိပါသည်။ ထို့ပြင် တစ်နိုင်ငံလုံး နယ်စပ်ဒေသများပါမကျန် စာပေဗဟုသုတ ပြန့်ပွားစေရန် ကျေးရွာအရောက် စာကြည့်တိုက်များ ဖွင့်လှစ်ပေးလျက်ရှိပါသည်။

စာဆိုတော်နေ့ သက်ကြီးပညာရှင်များ ကန်တော့ပွဲကြီးကိုကျင်းပရန် လုပ်ငန်းကော်မတီများအလိုက် စီစဉ်ဆောင်ရွက်နေကြပြီဖြစ်ပါသည်။စာရေးသူအနေဖြင့် နိုင်ငံကျော် သက်ကြီးစာပေပညာရှင် စာရေးဆရာကြီး 'ဒဂုဏ်နတ်ရှင်'၏ အိုးမင်းရင့်ရော်ချိန်တွင် ခံစားရသောဝေဒနာကို ဖော်ပြခဲ့သော အောက်ကဗျာလေးကို ဖော်ပြရင်း စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်ကြီးများ ကန်တော့ပွဲကို ဂုဏ်ပြုကြိုဆိုလိုက်ရပါသည်။

ကလောင်တုံးချိန်၊ ခါးကုန်းချိန်

ရွှေကလောင် အသွားတုံးပေါ့၊ ခါးကုန်းလို့လက်တုန်
နားဦးစို့သက်လုံရယ်၊ ကွယ်မစုံရှုယ်ရင့်
မှန်စက္ကူမကြည်ဝေတယ်၊ ဒီဂရီတွေ တိုးလို့သာမြင့်
ရေးရင်းခုဝေဒနာမှာ၊ ထွေထွေရာပိုထင့်
ငွေအသပြာ အပိုဆင့်စေတော့၊ မလိုချင့်မလိုချင်
ရေသည်လိုအကျိုးပေးပုံက၊ ထမ်းပိုးဆွေးဆွေးရလို့ပင်
ဇက်ခေါင်းနဲ့ လက်မောင်းပြင်မှာ ခက်ကောင်းပင်ကောင်းရချည့်
တက်မတတ်တိုးချဲ့ကာနှာ၊ ဆိုးတဲ့ဝေဒနာ
မိုးတစ်လှည့်လေတစ်ခါဝယ် မနေသာလွန်းလို့လေး။ ။

မြန်မာစာပေ တိုးတက်မြင့်မားရန်နှင့် စာပေဗဟုသုတ ကြွယ်ဝသော နိုင်ငံသားများဖြစ်လာစေရန် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိ။

တစ်နိုင်ငံလုံး နယ်စပ် ဒေသများ ပါမကျန် စာပေဗဟုသုတ ပြန့်ပွားစေရန် ကျေးရွာအရောက် စာကြည့်တိုက်များ ဖွင့်လှစ်ပေးလျက်ရှိ။

ပုစွန်လုပ်ငန်းရှင်များ အသင်းနှစ်ပတ်လည် စည်းဝေးမည်

ရန်ကုန် နိုဝင်ဘာ ၂၃

မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း၏ တတိယအကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးကို နိုဝင်ဘာ ၂၉ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းမှ အသင်းဝင်များအနေဖြင့် ဖိတ်ကြားစာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကတ္တရာထပ်ပိုးလွှာခင်း

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် (မြို့တွင်းလမ်း) ဦးလှထွန်းလွင်လမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၂ရက်က လုပ်ငန်းခွင်အင်ဂျင်နီယာ ဒေါ်ချောစုဇံက လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်ရာသို့ အဖွဲ့အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးမြင့်စိုးတို့က ကွင်းဆင်း ကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် နိုဝင်ဘာ ၂၃

ဒိုက်ဦးမြို့နယ်အသင်း သက်ကြီးပူဇော်မည်

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်း မဟာသိမ်တော်ကြီးမွှာရုံ၌ ကျင်းပမည်ဖြစ်သည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် သင်တန်းသားသစ်ခေါ်ယူ

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ၌၂၀၀၉-၂၀၁၀ပညာသင်နှစ်အတွက် ဘွဲ့လွန်ဒီပလိုမာ တစ်နှစ်သင်တန်းများ ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများသည် နိုဝင်ဘာ ၂၃ရက်မှစ၍ လျှောက်ထားနိုင်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက (ရန်ကုန်) ဖုန်း-၅၉၀၂၅၂၊၅၉၀၂၅၄နှင့် (မန္တလေး) ဖုန်း-၀၈၅-၄၀၂၆၉၇တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

အထက(၂)သန်လျင် မြတ်ဆရာပူဇော်ပွဲ

သန်လျင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသားကျောင်းသူဟောင်းများ၏ အငြိမ်းစား ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို လာမည့် ဒီဇင်ဘာ၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည် ဖြစ်သည်။

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ

မြန်မာနိုင်ငံ ဆရာဝန်အသင်းဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် နိုဝင်ဘာလ ဂေါက်သီးရိုက်ပြိုင်ပွဲကို နိုဝင်ဘာ ၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် မင်္ဂလာဒုံဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ခြင်းလုံးဒိုင်လူကြီးသင်တန်းဖွင့်မည်

မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာခြင်းလုံးအလှခတ်/ အမှတ်ခတ်ပြိုင်ပွဲများတွင် တာဝန်ထမ်းဆောင်နိုင်ရန် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ (၁/၂၀၀၉) ဒိုင်လူကြီးသင်တန်းကို နိုဝင်ဘာ ၂၇ရက်မှ ဒီဇင်ဘာ ၃ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း အဖွဲ့ချုပ်ရုံးခန်း၌ သင်တန်းဖွင့်မည်ဖြစ်ရာ သင်တန်းတက်လိုပါက ဖုန်း-၃၉၃၄၂၀၊ ၅၅၅၁၁၆ နှင့် ၀၉-၅၀-၅၁၀၇၉တို့သို့ ဆက်သွယ်နိုင်သည်။

ဆေးတက္ကသိုလ်(၂) အာစရိယပူဇော်မည်

ဆေးတက္ကသိုလ်(၂) ၁၉၇၂-၁၉၈၀၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို M3 Food Centre၌ ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်နိုင်ရန် နိုးဆော်ထားပြီး ဖုန်း-၇၂၂၇၆၀နှင့် ၅၂၄၄၇၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ဘူမိဗေဒကျောင်းသားဟောင်းများ ဆရာကန်တော့ပွဲ

၁၉၈၄ခုနှစ် ဘူမိဗေဒ ကျောင်းသားကျောင်းသူဟောင်းများ၏ ငွေရတုအထိမ်းအမှတ် ဆရာကန်တော့ပွဲကို နိုဝင်ဘာ ၂၈ရက် (စနေနေ့)တွင် M3 Food Centre၌ ညနေ ၅နာရီတွင် ကျင်းပမည်ဖြစ်ပြီး ဖုန်း-၀၉-၈၅-၉၂၂၇၉နှင့် ၅၀၂၁၄၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ဆေးတက္ကသိုလ်(မန္တလေး) အာစရိယပူဇော်မည်

ဆေးတက္ကသိုလ်(မန္တလေး)တွင် ၁၉၈၃မှ ၁၉၈၈အထိ ဆေးပညာသင်ကြားခဲ့ကြသော ၂/၁၉၈၃ (2nd M.B.,B.S)ဆေးတက္ကသိုလ်(မန္တလေး) ဝင်ခွင့်ရကျောင်းသား ကျောင်းသူများ၏ ပထမအကြိမ်ပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ ၂၅ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် မန္တလေးဆေးတက္ကသိုလ်ပင်မဆောင်၌ ကျင်းပမည်ဖြစ်သည်။

ကာယမောင်နှင့် ကာယအလှမယ် ဖိတ်ခေါ်ပြိုင်ပွဲ

မြန်မာ့အားကစားကာယဗလလောကတွင် တစ်ချိန်က အောင်မြင်ထင်ရှားခဲ့သော မောင်ဗမာစိန်မောင် အသက် ၈၀ပြည့် အထိမ်းအမှတ် ကာယဗလမောင်/ကာယအလှမယ် ဖိတ်ခေါ်ပြိုင်ပွဲကို လာမည့် ဒီဇင်ဘာ၆ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုပါက အမှတ် ၁၁၂၉ ကုန်းဘောင် ၁၃လမ်း (၆)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ဖုန်း-၀၉-၅၅-၀၆၄၄၅ သို့ ဆက်သွယ်နိုင်သည်။

ဟော်ကီအဖွဲ့ချုပ် ရန်ပုံငွေဖျော်ဖြေပွဲ

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်၏ ရန်ပုံငွေဖျော်ဖြေပွဲအဖြစ် နိုဝင်ဘာ ၂၇ရက်နှင့် ၂၈ရက် ညနေ ၆နာရီခွဲတွင် ပလပ်ထရီးတေးဂီတအဖွဲ့နှင့်တွဲဖက်၍ ထွန်းအိန္ဒြာဗိုက အမျိုးသားကဇာတ်ရုံ မြို့မကျောင်းလမ်း ရန်ကုန်မြို့၌ ဖျော်ဖြေတင်ဆက်မည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

စုစည်းတင်ပြသူ - ဝင်းကျော်

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ကမ္ဘာ့အကောင်းဆုံး ပြေးခုန်ပစ် ချန်ပီယံများ

☆ မြင့်မောင်စိုး စုစည်းရေးသား၍ လှိုင်လှိုင်သင်း (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည် ☆

လန်ဒန် နိုဝင်ဘာ ၂၃

ကမ္ဘာတွင် ပြေးခုန်ပစ်အားကစားသမားကောင်းများ ပေါ်ထွက်သည့် နိုင်ငံများမှာ အီသီယိုးပီးယား၊ ကင်ညာ၊ အီရီထရီးယားနှင့် ဂျမေကာနိုင်ငံတို့ဖြစ်ကြသည်။ နှစ်စဉ်ကျင်းပသော ကမ္ဘာ့ပြေးခုန်ပစ်အားကစားပြိုင်ပွဲများ၊ အိုလံပစ်အားကစားပြိုင်ပွဲများတွင်လည်း ထိုနိုင်ငံများမှ ပြေးခုန်ပစ် အားကစားသမားများသည် ဆုတံဆိပ်အများဆုံး ဆွတ်ခူးနိုင်ကြသည်။ ထို့ကြောင့်ပင် ကမ္ဘာ့ပြေးခုန်ပစ်အကောင်းဆုံးဆုများကိုလည်း ဤနိုင်ငံများမှ အားကစားသမားများသည် အများဆုံး ဆွတ်ခူးနိုင်ကြသည်ကို လေ့လာတွေ့ရှိရသည်။

ဆွတ်ခူး

ယခုနှစ်တွင်လည်း ဂျမေကာနိုင်ငံမှ တာတိုအပြေးသမား အူလ်စိန်ဘော့နှင့် အမေရိကန်နိုင်ငံသူ ခံယူထားသူ ဂျမေကာနိုင်ငံဖွား ဆန်ယာရစ်ချတ်စ်တို့သည် ကမ္ဘာ့အကောင်းဆုံး ပြေးခုန်ပစ်အားကစားသမားဆုများကို ဆွတ်ခူးနိုင်ခဲ့ကြသည်။ သူတို့နှစ်ဦးသည် ဆုကို ဒုတိယအကြိမ်အဖြစ် ဆွတ်ခူးနိုင်ကြခြင်းဖြစ်သည်။ ဘော့နှင့် ရစ်ချတ်စ်တို့သည် ကမ္ဘာ့အကောင်းဆုံး ပြေးခုန်ပစ်ဆုများကို ပြင်သစ်နိုင်ငံ မိုနာကိုမြို့သို့ သွားရောက် လက်ခံယူခဲ့ကြသည်။

အူလ်စိန်ဘော့

အူလ်စိန်ဘော့သည် မီတာ ၁၀၀နှင့် မီတာ ၂၀၀ ကမ္ဘာ့ပြေးခုန်ပစ်ချန်ပီယံပြိုင်ပွဲများတွင် စံချိန်တင်အောင် ပြေးနိုင်ခဲ့သူဖြစ်သည်။ သူသည် ပေကျင်း အိုလံပစ်အားကစားပြိုင်ပွဲတွင် မီတာ ၁၀၀၊ မီတာ ၂၀၀နှင့် မီတာ ၁၀၀လက်ဆင့်ကမ်းပြေးပွဲတို့၌ ရွှေတံဆိပ်များ ဆွတ်ခူးနိုင်ခဲ့သည်။ အူလ်စိန်ဘော့သည် မီတာ ၁၀၀ပြေးပွဲတွင် ၉ ဒသမ ၆၉ စက္ကန့်ဖြင့် စံချိန်တင်ပြေးနိုင်ခဲ့သည်။ မီတာ ၂၀၀ ပြေးပွဲတွင်လည်း ၁၉ ဒသမ ၃၀ စက္ကန့်ဖြင့် စံချိန်သစ်တင်နိုင်ခဲ့သည်။ ၎င်းသည် ထိုအရင်က မီတာ ၁၀၀ကို ၉ ဒသမ ၇၉စက္ကန့်ဖြင့် လည်းကောင်း၊ မီတာ ၂၀၀တွင် ၁၉ ဒသမ ၅၉ စက္ကန့်ဖြင့် လည်းကောင်း ပြေးနိုင်ခဲ့သူဖြစ်သည်။

တစ်ဖန် ကမ္ဘာ့ပြေးခုန်ပစ်ချန်ပီယံ ပြိုင်ပွဲတွင်လည်း ၎င်းတင်ထားသော စံချိန်များ ကျော်လွန်၍ ထပ်မံစံချိန်ချိုးလိုက်ပြန်သည်။ မီတာ ၁၀၀ကို ၉ ဒသမ ၅၈ စက္ကန့်ဖြင့် စံချိန်တင်ပြီး မီတာ ၂၀၀မှာ ၁၉ ဒသမ ၁၉ဖြင့် စံချိန်သစ်များချိုးခဲ့သည်။ ထို့ကြောင့်လည်း အူလ်စိန်ဘော့သည် ကမ္ဘာတွင် အပြေးအမြန်ဆုံးလူသားအဖြစ် သတ်မှတ်ခံရပြီး ကမ္ဘာ့အကောင်းဆုံးပြေးခုန်ပစ်ဆုကို ထိုက်တန်စွာ ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့အတူ ဂျမေကာဖွား အမေရိကန် နိုင်ငံသူ ဆန်ယာရစ်ချတ်စ်သည်လည်း ကမ္ဘာ့အကောင်းဆုံးပြေးခုန်ပစ်ဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ သူမသည် ပေကျင်းအိုလံပစ် အားကစားပြိုင်ပွဲနှင့် ဘာလင်၌ကျင်းပသော ပြေးခုန်ပစ်အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။ သူမသည် ဂျမေကာနိုင်ငံ ကင်စတန်မြို့သူဖြစ်သည်။ အသက် ၁၂နှစ်အရွယ်တွင် မိသား စုနှင့်အတူ ဖလော်ရီဒါပြည်နယ်သို့ ပြောင်းရွှေ့လိုက်ပါခဲ့သည်။ ၂၀၀၂ခုနှစ်တွင် အမေရိကန်နိုင်ငံသူအဖြစ်ခံယူသည်။ ၂၀၀၄ခုနှစ် အိုလံပစ်ပြိုင်ပွဲ မီတာ ၄၀၀၌ ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။ ၂၀၀၆ခုနှစ်တွင် ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲ မီတာ ၄၀၀ပြိုင်ပွဲ၌ စံချိန်၄၈ဒသမ စက္ကန့်၇၀ဖြင့် စံချိန်သစ်တင်နိုင်ခဲ့သည်။ ထို့ကြောင့်ပင် ရစ်ချတ်စ်သည် ၂၀၀၆ခုနှစ်က ကမ္ဘာ့အကောင်းဆုံးပြေးခုန်ပစ်ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

ဆန္ဒမဲပေး

အူလ်စိန်ဘော့နှင့် ဆန်ယာရစ်ချတ်စ်တို့အား ကမ္ဘာ့အကောင်းဆုံးပြေးခုန်ပစ်ချန်ပီယံများအဖြစ် ကမ္ဘာတစ်ဝန်းမှ အားကစားသမားများ၊ တာဝန်ရှိသူများနှင့် အားကစားကလောင်ရှင် ၁၈၀၀ကျော်တို့က ဆန္ဒမဲပေး ရွေးချယ်ပေးခဲ့ခြင်းဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

ဘင်ဖော်စတာ မန်ယူမှထွက်ခွာမည်မဟုတ် နည်းပြကြီးဖာဂူဆန်ပြောကြား

လန်ဒန် နိုဝင်ဘာ ၂၃

မန်ယူဂိုးသမား ဘင်ဖော်စတာသည် ဇန်နဝါရီလတွင် အိုးထရက်ဖို့ဒ်မှ ထွက်ခွာလိမ့်မည်ဟု သတင်းများထွက်ပေါ်ခဲ့သဖြင့် မဟုတ်မမှန်ကြောင်း နည်းပြဖာဂူဆန်က ငြင်းဆိုလိုက်သည်။

နံပါတ်တစ်ဂိုးသမား

အသက် ၂၆နှစ်ရှိ ဖော်စတာသည် မန်ယူ၏ နံပါတ်တစ်ဂိုးသမားဖြစ်ကြောင်း၊ လောလောဆယ် ဗန်ဒါဆာနှင့် ကုဇ်ဇက်တို့နောက်မှာ ရှိနေကြောင်း ဖာဂူဆန်က ပြောကြားသည်။

ပြောင်းရွှေ့

အင်္ဂလန်နည်းပြ ကာပယ်လိုက အင်္ဂလန်အသင်းတွင် နှစ်ပွဲဆက်တိုက် ခေါ်ယူကစားခဲ့သည့် ဖော်စတာသည် အင်္ဂလန်အသင်း၌ လာမည့် ကမ္ဘာ့ဖလားပြိုင်ပွဲအထိ ပါဝင်ကစားခွင့်ရရှိရန် မန်ယူတွင် နေရာမရဖြစ်နေ၍ အသင်းပြောင်းရွှေ့ဖွယ်ရှိကြောင်း မီဒီယာများက ထင်ကြေးပေး ဖော်ပြနေကြသည်။

(အင်တာနက်)

စူပါမစ်ဒယ်ဝိတ်တန်းလက်ဝှေ့ပြိုင်ပွဲ အင်ဒရီဝပ် ထိုးသတ်အနိုင်ယူ

ကယ်လီဖိုးနီးယား နိုဝင်ဘာ ၂၃

အမေရိကန်လက်ဝှေ့သမား အင်ဒရီဝပ်နှင့် ဒိန်းမတ်လက်ဝှေ့ ချန်ပီယံတို့ ကယ်လီဖိုးနီးယားပြည်နယ် အော့ကလန်မြို့၌ ဒဗလျူဘီအေ စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်လုပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြရာ အင်ဒရီဝပ်က ၁၁ချီဖြင့် အလဲထိုးပြီး ချန်ပီယံခါးပတ်ရယူနိုင်ခဲ့သည်။

အသက် ၃၀ရှိ ဒိန်းမတ်လက်ဝှေ့သမား မိုက်ကယ်ကက်စလာသည် ၂၀၀၇ခုနှစ်က ဂျိုးကယ်ဇာချီကို ရှုံးနိမ့်ခဲ့ပြီးနောက် သုံးကြိမ်တိုင် ၎င်း၏ ချန်ပီယံခါးပတ်ကို ကာကွယ်နိုင်ခဲ့သည်။ သို့သော်လည်း ၂၀၀၄ အေသင်အိုလံပစ် ရွှေတံဆိပ်ဆုရ ဝပ်(ယာပုံ)က စတုတ္ထအချီမှစပြီး ကက်စလာအား မျက်နှာနှင့် ခေါင်းတို့တွင် ချက်ကောင်းထိအောင် ထိုးနိုင်ခဲ့သည်။

အလဲထိုး

နောက်ပိုင်း အချီများတွင်လည်း ကက်စလာခြေကုန်လက်ပန်းကျလာချိန် တရစပ်ဖိထိုးခဲ့သဖြင့် ၁၁ချီမြောက်မှာ အလဲထိုးသတ်နိုင်ခဲ့သည်။ (အင်တာနက်)

ကမ္ဘာ့ချန်ပီယံရှစ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဗြိတိသျှမှ ဝက်စ်ဝုဒ်ဖလားဆွတ်ခူးနိုင်ခဲ့

ဒူဘိုင်း နိုဝင်ဘာ ၂၃

ဗြိတိသျှ ဂေါက်သီးအကျော်အမော်တစ်ဦးဖြစ်သည့် လီဝက်စ်ဝုဒ်သည် ဒူဘိုင်းမြို့၌ကျင်းပသည့် ကမ္ဘာ့ချန်ပီယံရှစ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် ၂၃ချက် လျှော့ရိုက်ပြီး ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။

တတိယဆု

တစ်နိုင်ငံတည်းသား မက်ဂိုဝမ်က သတ်မှတ်ရိုက်ချက်ထက် ၁၇ချက်လျှော့ရိုက်ပြီး ဒုတိယလိုက်ခဲ့သည်။ ဖွင့်ပွဲနေ့က ပြိုင်ဘက်များကို ဦးဆောင်ကစားခဲ့သည့် မက်ရှိုင်းက ၁၅ချက်လျှော့ရိုက်ပြီး တတိယဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။ ဝက်စ်ဝုဒ်သည် ယင်းပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့၍ ဆုဖလားနှင့်အတူ ဆုကြေးငွေ ပေါင် ၇၄၀၀၀၀ နီးပါး ဆွတ်ခူးရရှိခဲ့သည်။

(အင်တာနက်)

ကမ္ဘာ့ချန်ပီယံတင်းနစ်ပြိုင်ပွဲ ဖက်ဒဲယားအဖွင့်ပွဲအနိုင်ရ

လန်ဒန် နိုဝင်ဘာ ၂၃

အေတီပီ ကမ္ဘာ့ချန်ပီယံများ တင်းနစ်ပြိုင်ပွဲကို နိုဝင်ဘာ ၂၂ရက်မှ ၂၉ ရက်အထိ လန်ဒန်မြို့ အိုတူးအားကစားရုံကြီး၌ ကျင်းပလျက်ရှိရာ ကမ္ဘာ့နံပါတ်တစ် ရော်ဂျာဖက်ဒဲယားက စပိန်တင်းနစ် ကစားသမား ဗာဒက်စကိုအား ဖွင့်ပွဲတွင် အနိုင်ရလိုက်သည်။ (အင်တာနက်)

စပါးဂိုးသမား ကူဒီစီနီ ရာသီကုန်အထိ နားရတော့မည်

လန်ဒန် နိုဝင်ဘာ ၂၃

စပါးဂိုးသမားကူဒီစီနီသည် ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရခဲ့သဖြင့် ဆေးရုံတက်ပြီး ဆေးရုံမှဆင်းသွားပြီဖြစ်သော်လည်း ရာသီကုန်အထိပြိုင်ပွဲများနှင့် လွဲချော်လိမ့်မည်ဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။

အသက် ၃၆နှစ်ရှိ အီတလီဂိုးသမားကူဒီစီနီသည် မော်တော်ဆိုင်ကယ်ဖြင့် ယာဉ်မတော်တဆထိခိုက်ဒဏ်ရာရခဲ့၍ လက်ကောက်ဝတ်နှင့် တင်ပါးဆုံရိုးများ၌ ဒဏ်ရာအပြင်းအထန်ရရှိသွားခဲ့သည်။

(အင်တာနက်)

အာကာကျော် စုစည်းရေးသားသည်

အားကစားသတင်း အတိုအထွာ

အာကာဟိန်း စုစည်းသည်

ရီဘာရီအားခေါ်ယူရေး ချယ်လ်ဆီးမအောင်မြင်

ဘိုင်ယန်မြူးနစ်တောင်ပံကစားသမား ရီဘာရီအား ချယ်လ်ဆီးက နွေရာသီတွင် ခေါ်ယူရေး အစီအစဉ်များ ပျက်ပြယ်သွားပြီဖြစ်သည်။ ချယ်လ်ဆီးနှင့် ဘိုင်ယန်မြူးနစ်တို့သည် ရီဘာရီအား ခေါ်ယူရေးအတွက် ချယ်လ်ဆီးက ဘိုင်ယန်မြူးနစ်သို့ ယူရို ၆၅သန်းအပြင် ဘော့စင်ဝါကိုပါ အလိုက်ပေးရန် သဘောတူထားပြီးဖြစ်သည်။ သို့သော် ဘိုင်ယန်မြူးနစ်က ယူရို သန်း ၁၀၀အထိ တောင်းဆိုနေ၍ ရီဘာရီ ခေါ်ယူရေးအစီအစဉ် ပျက်ခဲ့ရခြင်းဖြစ်သည်။

ချန်ပီယံလိဂ်ပွဲ မက်ဆီလွဲချော်ဖွယ်ရှိ

ဘာစီလိုနာအသင်း၏ အဓိက တိုက်စစ်မှူး မက်ဆီသည် စပိန်လာလီဂါပွဲအဖြစ် ဘီဘာအိုအသင်းနှင့် ယှဉ်ပြိုင် ကစားခဲ့သည့်ပွဲတွင် ဝဲဘက်ပေါင် ကြွက်သားထိခိုက်ဒဏ်ရာရခဲ့သဖြင့် လူစားလဲကစားခဲ့ရသည်။ မက်ဆီသည် ယင်းဒဏ်ရာကြောင့် လာမည့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပါဝင်ကစားရန် မရေမရာ ဖြစ်နေသည်။ ဘာစီလိုနာက အိမ်ရှင်အဖြစ် အင်တာမီလန်အသင်းကို လက်ခံကစားရမည့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် တိုက်စစ်မှူး အီဗာရာဟင်မိုဗစ်နှင့် တိုရေးတို့လည်း ပါဝင်ရန် မသေချာဟုဆိုသည်။

စပိန်လာလီဂါ ရီးရဲအသင်းဦးဆောင်နေ

ရီးရဲမက်ဒရစ်အသင်းသည် စပိန်လာလီဂါပွဲစဉ်အဖြစ် ရေဆင်းဆန်တင်ဒါအသင်းနှင့် နိုဝင်ဘာ ၂၂ရက်က ပွဲစဉ် ၁၁အဖြစ် ယှဉ်ပြိုင်ကစားအပြီး အမှတ်ပေးဇယား ထိပ်ဆုံးနေရာသို့ ရောက်ရှိခဲ့သည်။ ယင်းပွဲတွင် ရီးရဲမက်ဒရစ်က ဂွန်ဇာလိုဟီဂွာအင်၏ တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် အနိုင်ရလိုက်ခြင်းဖြစ်သည်။ ထိုပွဲ အနိုင်ရလိုက်၍ ရီးရဲတို့ ရမှတ် ၂၈မှတ်ဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ထိုနေ့က ဘာစီလိုနာက ဘီဘာအိုအား တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

တိုက်စစ်မှူး ရော်ဘင်ဟိုအား ဘာကာစိတ်ဝင်စား

ဘာစီလိုနာက မန်စီးတီးတိုက်စစ်မှူး ရော်ဘင်ဟိုအား ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ဆန်းဒေးတိုင်းမ် သတင်းစာတွင် ဖော်ပြသည်။

ဖော်စတာအား ဆန်းဒါးလန်းခေါ်ယူဖွယ်ရှိ

ဆန်းဒါးလန်းဂိုးသမား ခရိုတ်ဂေါ်ဒွန် လက်ကျိုးနေသဖြင့် မန်ယူဂိုးသမား ဖော်စတာအား အငှားခေါ်ယူနိုင်ဖွယ်ရှိကြောင်း နည်းပြ စတိဘရစ်က လျာထားသည်။

နစ္စတယ်ရှိုင်းအား လီဗာပူးခေါ်ယူဖွယ်ရှိ

လာမည့်ဇန်နဝါရီလ အပြောင်းအရွှေ့ ကာလတွင် ရီးရဲတိုက်စစ်မှူး နစ္စတယ်ရှိုင်းအား လီဗာပူးက ခေါ်ယူရန်ကြိုးစားလိမ့်မည်ဖြစ်ကြောင်း ဆန်းဒေးမေရာက ဖော်ပြသည်။

နိုင်ဂျီးရီးယားကစားသမား ဝက်စ်ဟမ်း ခေါ်ယူလို

ဝက်စ်ဟမ်းက နိုင်ဂျီးရီးယားကွင်းလယ်ကစားသမား ကွာရှီးအား တစ်ပတ် လုပ်ခလစာ ပေါင် ၂၀၀၀၀ဖြင့်ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။

တိုက်စစ်မှူးရွန်နေအား လစာတိုးပေးမည်

မန်ယူတိုက်စစ်မှူးရွန်နေအား တစ်ပတ်လျှင် ပေါင်၁၇၀၀၀၀အထိ လုပ်ခလစာတိုးပေးရန် စီစဉ်နေကြောင်း နည်းပြ ဖာဂူဆန်ကပြောကြားလိုက်သည်။

(အင်တာနက်)

ဒိုင်းမွန်းစီးရီး ပြေးခုန်ပစ်ပြိုင်ပွဲ ကမ္ဘာ့အမြန်ဆုံးလူသား သုံးဦး ယှဉ်ပြိုင်မည်

လန်ဒန် နိုဝင်ဘာ ၂၃

ကမ္ဘာကျော် တာတိုအပြေးသမားများဖြစ်ကြသည့် အူလ်စိန်ဘော့၊ တိုင်စန်ဂေးနှင့် အဆာဖာပါဝဲလ်တို့သည် အိုင်အေအေအက်ဖ်ဒိုင်းမွန်းလိဂ်စီးရီး ပြေးခုန်ပစ်ပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲကြမည် ဖြစ်သည်။

အဆိုပါ တာတိုအပြေးသမားများသည် အနည်းဆုံး ပြိုင်ပွဲ ၁၄မျိုးအနက်မှ ခုနစ်မျိုး ယှဉ်ပြိုင်ရသည်။ ယင်းပြိုင်ပွဲအတွက် ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၆ဒသမ ၆၃သန်း (ပေါင် ၄သန်း) သတ်မှတ်ထားသည်။ ယင်းပြိုင်ပွဲကို ဒိုဟာမြို့တွင် ၂၀၁၀ခုနှစ် မေ ၁၄ရက်မှ စတင်ကစားမည်ဖြစ်ကြောင်း နိုင်ငံတကာပြေးခုန်ပစ်အဖွဲ့က ယင်းတို့သုံးဦးအား မီတာ ၁၀၀ပြေးပွဲ ယှဉ်ပြိုင်မှုပို၍ အားကောင်းလာစေရန်အတွက် ကျင်းပပေးခြင်း ဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

မင်းတပ်၌အရန်သားဖွားဆရာမ သင်တန်းဆင်း

မင်းတပ် နိုဝင်ဘာ ၂၃

ခရိုင်ကျန်းမာရေးဦးစီးဌာနနှင့် ယူအင်န်ဒီပီတို့ပူးပေါင်းဖွင့်လှစ်သော အရန်သားဖွားဆရာမသင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၄ ရက် နံနက် ၉ နာရီက မင်းတပ်ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းက အဖွင့်အမှာစကားပြောကြားပြီး ယူအင်န်ဒီပီ ပြည်နယ်စီမံကိန်းမန်နေဂျာ ဦးဟယ်ဒွန်းက သင်တန်းဖွင့်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆုများချီးမြှင့်

ဆက်လက်၍ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မောင်မောင်ဇင်က သင်တန်းဖွင့်နိုင်ခဲ့ခြင်း၏ အကျိုးကျေးဇူးများကိုဆွေးနွေးပြောကြားပြီး သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်၊ မွေးဖွားပုံးများနှင့် ထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

တက်ရောက်

အဆိုပါသင်တန်းသို့ မင်းတပ်မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၃၄ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ လေးလကြာမြင့်ခဲ့သည်။

(ခရိုင် ပြန်/ဆက်)

အထက(၃)ဒဂုံ/မြောက် ဂါရဝပြု ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၃

အထက(၃)ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ၁၉၉၀-၂၀၀၂ ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် မြင့်မိုရ်ခန်းမ၌ ကျင်းပမည် ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများလှူဒါန်းလိုပါက မိုးမင်းသန်း ဖုန်း-၀၉-၅၀၅၁၆၈၂၊ ဇင်ဇင်မြိုင်၊ ခိုင်ဇာသောင်း ဖုန်း-၅၈၄၀၆၁၀တို့သို့ ဒီဇင်ဘာ ၆ရက် (တနင်္ဂနွေနေ့) နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ *(မြန်မာ့အလင်း)*

သာယာဝတီခရိုင်အတွင်းရှိ မီးသတ်စခန်းများ ညွှန်ကြားရေးမှူးချုပ် ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းသည် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၂၀ ရက်က သာယာဝတီခရိုင်အတွင်းရှိ ငဖြူကလေးကျေးရွာသို့ ရောက်ရှိကာ ကျေးရွာအရန်မီးသတ်တပ်ဖွဲ့သို့ ဟွန်ဒါအပေါ့စား မီးသတ်စက်တစ်စုံကို ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့် အရန်မီးသတ်တပ်ခွဲမှူးထံ ပေးအပ်သည်။ **(အပေါ်ပုံ)**

လက်ခံ

ထို့နောက် တော်လသဿကျေးရွာ၊ ရေကြည်ကျေးရွာနှင့် သာရဝေါကျေးရွာအုပ်စု ကျုံလဟာကျေးရွာများရှိ ကျေးရွာအရန်မီးသတ်တပ်ဖွဲ့များသို့ မီးသတ်တူညီဝတ်စုံများနှင့် အလှူငွေများပေးအပ်ရာအရန်မီးသတ်တပ်ခွဲမှူးများက လက်ခံယူကြသည်။

သရုပ်ပြ

ဆက်လက်၍ လက်ပံတန်းမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းသို့ရောက်ရှိပြီး မီးသတ်ယာဉ်/စက်များ၏ ကြံ့ခိုင်မှု၊ တပ်ဖွဲ့ဝင်များ၏ စည်းကမ်းသေဝပ်မှုနှင့် လေ့ကျင့်ရေးဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးငြိမ်းသတ်ရေး သရုပ်ပြသမှုများကို ကြည့်ရှုအားပေးပြီး တပ်ဖွဲ့ဝင်များအား ဆုငွေများ ချီးမြှင့်ပေးအပ်သည်။

(မီးသတ်ဦးစီးဌာန)

ပြည်နယ်နှင့်တိုင်း ကိုယ်ကာယကြံ့ခိုင်မှု (အေရိုးဗစ်)ပြိုင်ပွဲဖွင့်

ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက် အမှာစကားပြောကြား

ရန်ကုန် နိုဝင်ဘာ ၂၃

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် နိုဝင်ဘာ ၂၁ ရက် နံနက် ၁၁ နာရီက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည့် ၂၀၀၉ခုနှစ် (၁၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု(အေရိုးဗစ်)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးနှင့်တာဝန်ခံနာယကများ၊ နာယကအဖွဲ့ဝင်များ၊ ဗဟိုလုပ်ငန်းကော်မတီဝင်များနှင့် အလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့် တိုင်းအသီးသီးမှ အသင်းအုပ်ချုပ်သူ၊ နည်းပြများနှင့် ပြိုင်ပွဲဝင်အားကစားသမားများတက်ရောက်ကြသည်။

ပြန်လည်အပ်နှံ

ရှေးဦးစွာ အားကစားဝန်ကြီးအား ယမန်နှစ်ချန်ပီယံ ကချင်ပြည်နယ်အသင်းက တံခွန်စိုက်ဒိုင်းဆုကြီးအား ပြန်လည်အပ်နှံကြသည်။

အမှာစကားပြောကြား

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်**(အပေါ်ပုံ)**က အဖွင့်အမှာစကားပြောကြားပြီး ၂၀၀၉ ခုနှစ် (၁၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု(အေရိုးဗစ်) ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ **(အား/ကာ)**

ကတ္တရာခင်း

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်သော ကြံ့ခိုင်ရေးလမ်း ကတ္တရာခင်းမှုကို နိုဝင်ဘာ ၁၇ ရက်က အမှုဆောင်အရာရှိ ဦးဝင်းဖေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မင်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်အရ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့်သာဂရ-ငါးခုံးမချောင်းလမ်း ကျေးလက်ကျောက်ချော လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကိုပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးသက်နိုင်ဦးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်(တွံတေး) နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

တွံတေး နိုဝင်ဘာ ၂၃

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် (တွံတေးမြို့နယ်) နှစ်ပတ်လည်အစည်းအဝေးကို နိုဝင်ဘာ ၂၁ ရက် နံနက်က တွံတေးမြို့ ချမ်းမြေ့ရတနာခန်းမ၌ ကျင်းပသည်။

ပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အမှုဆောင် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဟန်ထွန်း(ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီး **(ဝဲပုံ)** မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဝင်းကြိုင်က အမှာစကားပြောကြားသည်။

ဖတ်ကြား

ထို့နောက် ရန်ကုန်တိုင်း ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးသွင်နှင့် တွံတေးမြို့နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းကျော်တို့က အမှာစကားပြောကြားကြပြီး တွံတေးမြို့နယ် ငါးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဦးသိန်းဇော်က ငွေစာရင်းရှင်းတမ်းကို ဖတ်ကြား အတည်ပြုချက်ရယူသည်။

(၁၀၅)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၁၁-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅:၀၅ MRTV-4 သတင်း
- ၆:၀၀ **အရှယ်သုံးပါး** တရားတော် ဆရာတော်အရှင်ဇဋိလ
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ** (အပိုင်း-၆)
- ၈:၃၀ 25th SEA GAME အတွက် ကြိုတင်ပြင်ဆင်နေမှုများ(ပိုက်ကျော်ခြင်း)
- ၈:၅၅ Activities in the City (4th Anniversary of INAX)
- ၉:၁၀ သာသနာအလင်းဆောင်မည် ဓမ္မရောင်ခြည်
- ၉:၃၅ Sunday Talk
- ၁၀:၂၅ စိမ်းစိမ်းစိုစိုဆေးဖက်ဝင်လှသကို
- ၁၀:၄၅ ထုထည်ကြီးမားထင်ရှားဇကန်ဓမ္မရုံ
- ၁၁:၀၀ Cartoon Show Time (SHREK-2)
- ၁၁:၄၀ ကေကေတီ တေးအယ်လ်ဘမ်
- ၁၁:၅၀ လှပတင့်တယ် ကယားရိုးရာ ရက်ကန်းအထည်
- ၁၂:၀၅ ရန်ကုန်မြင်ကွင်းကျယ် မြတ်ဆရာပူဇော်ပွဲနှင့်ဘွဲ့ရနှစ်(၃၀)ပြည့် ပုလဲရတုမိတ်ဆုံစားပွဲ
- ၁၂:၂၀ သာယာချိုအေး(၃၈)ဖြာမင်္ဂလာတေး (လူမိုက်နှင့်ကင်း ချမ်းသာခြင်း)
- ၁၂:၃၅ **လှေကားသုံးထစ်ဆင်းတဲ့အခါ** အရိုင်း၊ မင်းသူ၊ အေးသီတာ ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)
- ၁၂:၄၅ ဆုပန်ရည်စူးအရောက်ဖူး… မြတ်ဘုရားဖောင်တော်ဦး
- ၁:၀၀ **အရှယ်သုံးပါး** တရားတော် ဆရာတော်အရှင်ဇဋိလ
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival (Chatrium Dream Wedding-1)
- ၃:၃၀ Activities in the City (4th Anniversary of INAX)
- ၃:၅၀ သာသနာအလင်းဆောင်မည် ဓမ္မရောင်ခြည်
- ၄:၁၅ ရန်ကုန်မြင်ကွင်းကျယ် အရိုးရောဂါကုဆရာဝန်ညီလာခံ
- ၄:၃၀ World of Knowledge (Funniest Animal-10)
- ၄:၅၅ စိမ်းစိမ်းစိုစိုဆေးဖက်ဝင်လှသကို
- ၅:၂၀ အလှဆင်စရာ ပရိဘောဂကမ္ဘာ Ocean Furniture & Bedding Fair (North Point Ocean)
- ၅:၃၅ Celebrity Style (ဇူးဇူးမောင်)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ သင်ကြားရေးလမ်းညွှန် (I School Education Club)
- ၆:၄၅ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ (စိုင်းထီးဆိုင်) (အပိုင်း-၁)
- ၇:၁၅ Fashion Music Festival (Chatrium Dream Wedding-1)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Cartoon Show Time(SHREK-2)
- ၉:၁၀ Celebrity Style (ဇူးဇူးမောင်)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ** (အပိုင်း-၆)
- ၁၀:၀၀ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ (စိုင်းထီးဆိုင်) (အပိုင်း-၁)
- ၁၀:၂၅ ရန်ကုန်မြင်ကွင်းကျယ် အရိုးရောဂါကုဆရာဝန်ညီလာခံ
- ၁၀:၃၅ သင်ကြားရေးလမ်းညွှန် (I School Education Club)
- ၁၁:၀၀ ကော်ဇောမှာအသွင်ဆန်း ဒေါပုံကော်ဇောအစွမ်း
- ၁၁:၂၅ ယွန်းဖြစ်တည်ရာ ကျောက္ကာရွာ
- ၁၁:၃၅ လှပတင့်တယ် ကယားရိုးရာ ရက်ကန်းအထည်
- ၁၁:၄၅ သစ်သီးဝလံပေါပြည့်ဝေဆာ တို့မြေမှာ (ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်)
- ၁၂:၀၀ ကမ္ဘာ့စုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရွှေကျွန်းကြီးစာကြည့်တိုက်အဆောက်အအုံ ရွှေကျင်မြို့နယ် ကျွန်းကြီးကျေးရွာ၌ဖွင့်

ရွှေကျင် နိုဝင်ဘာ ၂၃

ပဲခူးခရိုင် ရွှေကျင်မြို့နယ် ဟသ်ာဝဲကျေးရွာအုပ်စု ကျွန်းကြီးကျေးရွာ အလှူရှင်များ ဆောက်လုပ်လှူဒါန်းသော ရွှေကျွန်းကြီးစာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ၇ရက် နံနက် ၁၀နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးစိုးရည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

လှူဒါန်း

ဆက်လက်၍ စာကြည့်တိုက်အတွင်း စာဖတ်ဝါသနာရှင်များနှင့် တွေ့ဆုံပွဲ၌ မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူးဦးစိုးရည်က စာကြည့်တိုက်ရှင်သန်ခိုင်မာရေးလုပ်ငန်းစဉ်နှင့် စာအုပ်စာစောင်များ ငှားရမ်းဖတ်ရှုရေး စာငှားစနစ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဌာနအသီးသီးက လှူဒါန်းသော စာအုပ်စာစောင်များကို မြို့နယ်ဥက္ကဋ္ဌက ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစောဝီလျှံက လက်ခံယူသည်။

တည်ဆောက်ခဲ့

အဆိုပါ ရွှေကျွန်းကြီး စာကြည့်တိုက် အဆောက်အအုံသည် သွပ်မိုးတစ်ထပ်တိုက်ဖြစ်ပြီး ငွေကျပ်သိန်း ၂၀ အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

လသာစစ်မှုထမ်းဟောင်းအဖွဲ့ ထောက်ပံ့ငွေပေးအပ်

ရန်ကုန် နိုဝင်ဘာ ၂၃

ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ သက်ကြီးအဖွဲ့ဝင်များအား ထောက်ပံ့ခြင်းနှင့် ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်ချီးမြှင့်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၁ရက်က မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကျင်မှိန်(ငြိမ်း)က အမှာစကားပြောကြားပြီး **(အပေါ်ဝဲပုံ)** အသက်(၇၅)နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ထောက်ပံ့ ချီးမြှင့်ငွေများ ပေးအပ်သည်။

(၁၀၆)

မြဝတီခရိုင် မြဝတီမြို့နယ် သဃ်န်းညီနောင် အပြင်ကွင်းကလေးကျေးရွာ မြေသားလမ်း လမ်းသစ်ဖွင့်ပွဲကို နိုဝင်ဘာ ၁၅ရက်က အဆိုပါ ကျေးရွာလမ်းထိပ်၌ကျင်းပရာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးခင်မောင်ဌေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် အပြင်ကွင်းကလေး ကျေးရွာဥက္ကဋ္ဌဒေါ်နော်ဖောဒေးညာတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၁၀၁)

သစ်အခြေခံစက်မှုလုပ်ငန်းဌာန စက်ရုံပေါင်းစုံ မီးသတ်မွမ်းမံသင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၂၃

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် အမှတ်(၁၂၊၃) ပရိဘောဂစက်ရုံ၌ ယနေ့နံနက် ၈နာရီက စက်ရုံပေါင်းစုံသီးသန့်မီးသတ်မွမ်းမံသင်တန်းဖွင့်ပွဲ ကျင်းပရာ သစ်အခြေခံစက်မှုလုပ်ငန်းဌာန အထွေထွေမန်နေဂျာနှင့် အလုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က အဖွင့်အမှာစကားပြောကြားကြသည်။ **(ဝဲပုံ)**

သင်တန်းသို့ သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းသစ်အခြေခံစက်မှုလုပ်ငန်းဌာနလက်အောက်ရှိ စက်ရုံအလုပ်ရုံ ၁၁ရုံမှ သင်တန်းသား ၁၀၃ဦး တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တက္ကသိုလ် သချာၤမိသားစု အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၃

ရန်ကုန်တက္ကသိုလ် သချာၤဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ကြီးဆရာကြီး၊ ဆရာမကြီးများအား (၁၂)ကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက်(တနင်္လာနေ့) လွတ်လပ်ရေးနေ့တွင် ဖူဆမ် စားသောက်ဆိုင်၌ နံနက် ၉နာရီမှ မွန်းတည့်၁၂နာရီအထိ ကျင်းပမည်ဖြစ်သည်။

အလှူငွေနှင့်ပစ္စည်းများကို ရန်ကုန်တက္ကသိုလ် သချာၤဌာန ဖုန်း-၀၁-၅၃၆၃၇၆၊ ဒေါက်တာ ဒေါ်ဝင်းကြည် ဖုန်း-၀၉-၅၀-၂၀၈၀၂၊ ဦးမောင်မောင်မြင့် ဖုန်း-၀၁-၇၀၄၈၄၉၊ ဦးကျော်သန်း (ခ) ဦးဂျေကာ ဖုန်း-၀၁-၂၂၅၇၄၄၊ ဦးအေးသိန်း ဖုန်း-၀၉-၅၀-၃၃၁၀၀၊ ကပ္ပတိန် ညွန့်ဝင်း ဖုန်း-၀၉-၅၀-၀၇၆၈၂၊ ဦးသိန်းအောင် ဖုန်း-၀၉-၅၁-၅၇၆၉၀၊ ဒေါ်ကြည်ကြည်အေး ဖုန်း-၀၁-၅၄၅၅၄၉၊ ဒေါ်စွမ် ဖုန်း-၀၁-၂၂၃၂၅၊ ဒေါ်ကျော့စိန် ဖုန်း-၀၉-၅၀-၂၁၃၃၄၊ ဒေါ်ခင်သန်းဆွေ ဖုန်း-၀၉-၈၀၃၄၄၆၈၊ ဦးမင်းထွဋ် ဖုန်း- ၀၉-၅၁-၃၈၀၉၅၊ ဦးကျော်လင်းခိုင် ဖုန်း-၀၉-၅၀-၈၃၄၅၆နှင့် ဦးလှမြင့် ဖုန်း-၀၉-၅၀-၃၉၈၂၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အသေးစိတ်သိလိုပါက ရန်ကုန်တက္ကသိုလ် သချာၤဌာနတွင် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မဂ္ဂဇင်းထုတ်ဝေရေး အလှူငွေပေးအပ်

ရန်ကုန် နိုဝင်ဘာ ၂၃

တတိယအကြိမ် မဂ္ဂဇင်းထုတ်ဝေရေးအတွက် အလှူငွေပေးအပ်ပွဲကို ယနေ့ မွန်းလွဲပိုင်းက ဆီမီး ၉၉၀၀ရုံးခန်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးယုနိုင်၊ အဖွဲ့နာယကများဖြစ်ကြသည့် ဦးယဉ်ကျော်(ဒါရိုက်တာ မောင်ယဉ်ကျော်)၊ ဦးစိုးဝင်း(သတင်းထောက် စဥ့်ကူစိုးဝင်း) တို့က အမှာစကားပြောကြားကြသည်။

ပေးအပ်

ဆက်လက်၍ မဂ္ဂဇင်းထုတ်ဝေရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်မိုး (တရားရုံးချုပ်ရှေ့နေ)က အလှူရှင်များ လှူဒါန်းသော အလှူငွေကျပ် ၁၄၂၆၃၀၀ကို အဖွဲ့ဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ တောင်တွင်းကြီး)ထံ ပေးအပ်သည်။

(အောက်ပုံ) (၁၁၃)

ဥတုရာသီ တောက်ပိုမို၏

MONYWA OPEN Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၃

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် Myanmar PGA တို့က ကြီးမှူး၍ Future Engineering Group မှ အဓိကကူညီပံ့ပိုးသော MONYWA OPEN Golf Championship (မုံရွာ)ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲကို နိုဝင်ဘာ၂၂ရက် နံနက် ၇နာရီခွဲက စစ်ကိုင်းတိုင်း မုံရွာမြို့ မုံရွာဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

ချီးမြှင့်

စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ အောင်သမာဓိရွှေရောင်းဝယ်ရေးမှ ဦးအောင်ဆန်းဝင်းက အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် နေ့အလိုက်အကောင်းဆုံးရိုက်ချက်ဆု (Daily Best)ရရှိကြသူများအားလည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးဆန်းအောင်က Professional အဆင့်ပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆု(Daily Best) ရရှိကြသူများအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ Future Engineering Group ဥက္ကဋ္ဌ ဦးခင်မောင်ဟန်က အမျိုးသား အပျော်တမ်းပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၃၀၂ချက်ဖြင့် တတိယရရှိသော နိုင်ရဲလင်း၊ စုစုပေါင်းရိုက်ချက် ၃၀၁ချက်ဖြင့် ဒုတိယရရှိသော စိုးမိုးဝင်း၊ စုစုပေါင်းရိုက်ချက် ၂၉၅ချက်ဖြင့် ပထမရရှိသော အောင်ဝင်း(မြန်မာ့လက်ရွေးစင်) တို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်

ထို့နောက် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းက Professional Golfers ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက်၂၉၂ ချက်ဖြင့် တတိယရရှိသော သန်းနိုင်၊ စုစုပေါင်းရိုက်ချက် ၂၉၀ဖြင့် ဒုတိယ ရရှိသော သိန်းဇော်မြင့်(KM Golf Centre)၊ စုစုပေါင်းရိုက်ချက်၂၈၈ချက်ဖြင့် ပထမ ရရှိသော ဇော်ဇော်လတ်(Srixon) တို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ပြီး Future Engineering Group ဥက္ကဋ္ဌ ဦးခင်မောင်ဟန်က ပထမရရှိသော ဇော်ဇော်လတ်(Srixon)အား ဆုကြေးငွေ ချက်လက်မှတ်ကို ပေးအပ်ချီးမြှင့်သည်။ **(ဝဲပုံ)**

ပံ့ပိုး

အဆိုပါပြိုင်ပွဲကို Main Sponsor အဖြစ် Future Engineering Group ကအဓိက ကူညီပံ့ပိုးပြီး Co-Sponsors များအဖြစ် Htoo Group of Companies, International Beverages Trading Co.,Ltd. (IBTC), Pacific Asia Hi-Tech၊ အောင်သမာဓိရွှေဆိုင်၊ HAN Golf Masters Pte., Ltd. နှင့် မုံရွာဂေါက်ကလပ်တို့က ထပ်မံပံ့ပိုးကူညီကြကြောင်း သိရသည်။

(ဂေါက်သီးအဖွဲ့ချုပ်)

ယာဉ်မတော်တဆဖြစ်ပွားမှု လျော့နည်းပပျောက်ရေး ရှောင်တခင်စစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၃

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)မှ ခရိုင်ဦးစီးမှူး ဒေါ်နီနီရွှေ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးဆောင်သောအဖွဲ့သည် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (အဝေးပြေး)တို့နှင့်ပူးပေါင်း၍ နိုဝင်ဘာ ၂၀ရက်က လှိုင်သာယာမြို့နယ် ဒဂုံဈေး အဝေးပြေးယာဉ် ရပ်နားစခန်းမှ ထွက်ခွာမည့် ခရီးသည်တင်ယာဉ်များကို ယာဉ်မတော်တဆဖြစ်ပွားမှု လျှော့နည်းပပျောက်ရေးအတွက် ယာဉ်ကြံ့ခိုင်မှု ရှိ မရှိ၊ သတ်မှတ် ယာဉ်မောင်းလိုင်စင်ဖြင့် မောင်းနှင်ခြင်း ရှိ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် အညီ စနစ်တကျ ထိန်းသိမ်းမောင်းနှင်ခြင်း ရှိ/မရှိတို့ကို ရှောင်တခင်စစ်ဆေး၍ ပညာပေးအရေးယူဆောင်ရွက်ခဲ့သည်။

(အပေါ်ပုံ) (ကညန)

ဒေါ်ခင်မူ (မေဖိုးအုံး) ၈၄နှစ်အား ရည်စူး၍ အမှတ်(၁၄/က)ရွှေတောင်ကြားလမ်း ရွှေတောင်ကြား(၁)ရပ်ကွက် ဗဟန်းမြို့နယ် ရန်ကုန်မြို့နေ တူ၊ တူမများက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင်နှင့် ဆေးရုံသုံးဆေးနှင့် ဆေးပစ္စည်း အလှူငွေကျပ် ၁၅သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင် လက်ခံစဉ်။ (သတင်းစဉ်)

ကမ္ဘာ့အလှဆုံးဆိပ်ကမ်းမြို့များ

ကမ္ဘာ့အလှဆုံးဆိပ်ကမ်းမြို့များ ကမ္ဘာ့အလှဆုံးဆိပ်ကမ်းမြို့များ ကမ္ဘာ့အလှဆုံးဆိပ်ကမ်းမြို့များ

မောင်မောင်မြင့်ဆွေ စုစည်းသည်

ကမ္ဘာ့နိုင်ငံ အသီးသီးတွင် လှပသော ကမ်းခြေမြို့များရှိသည့်အနက် ကမ္ဘာ့ပေါ်ရှိ အလှပဆုံးကမ်းခြေမြို့အချို့ကို စုစည်းဖော်ပြ လိုက်ရပါသည်-

ခရိုအေးရှား ရိုဗင်ဂျေဆိပ်ကမ်းမြို့

အရှေ့ဥရောပတွင် အလှပဆုံးဆိပ်ကမ်းမြို့ဖြစ်သည်။ ကမ်းခြေတစ်လျှောက် ကျောက်တုံးများ၊ သဲသောင်ပြင်များ တည်ရှိသော နေရာများရှိသကဲ့သို့ ကမ်းစပ်အထိ အိုးအိမ်အဆောက်အအုံများ တည်ဆောက်ထားမှုကိုလည်း တွေ့ရှိရသည်။ ခရိုအေးရှားနိုင်ငံ အီစတိန်း ကျွန်းဆွယ်တွင်တည်ရှိသော မြို့ဖြစ်ပြီး ကမ္ဘာလှည့်ခရီးသွား အများအပြားလာရောက်လည်ပတ် အပန်းဖြေသော ဆိပ်ကမ်းမြို့လည်း ဖြစ်သည်။ ရိုဗင်ဂျေဆိပ်ကမ်းမြို့သို့ လေယာဉ်ခရီးစဉ်များ၊ သင်္ဘောခရီးစဉ်များအပြင် မော်တော်ယာဉ်များဖြင့်လည်း လာရောက်လည်ပတ်နိုင်သည်။ အချို့အဆောက်အအုံများမှာ ကမ်းခြေဆင်ခြေလျှောများ၌ တည်ဆောက်ထားသဖြင့် မြင်ကွင်း လှပလျက်ရှိသည်။ (အပေါ်ပုံ) (အင်တာနက်)

သြစတြေးလျ အပိုလိုဘေးဆိပ်ကမ်းမြို့

သြစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့အနီးတွင်တည်ရှိသော ဆိပ်ကမ်းမြို့ဖြစ်သည့် အပိုလိုဘေးဆိပ်ကမ်းမြို့သည် သြစတြေးလျနိုင်ငံ၏ အရှေ့တောင်ပိုင်းတွင်တည်ရှိပြီး ဒေသအတွင်း အလှပဆုံး ဆိပ်ကမ်းမြို့ဖြစ်သည်။ သြစတြေးလျနိုင်ငံရှိ အဓိက မြစ်တစ်မြစ်ဖြစ်သော ကင်းနက်မြစ်ကမ်းခြေတစ်လျှောက် တည်ရှိသည့် မြို့ဖြစ်ရာ အဝေးမှကြည့်လျှင် ပန်းချီကားတစ်ချပ်သဖွယ် မြင်တွေ့ရသည်။ အပိုလိုဘေးဆိပ်ကမ်းမြို့သို့ လေယာဉ်၊ မော်တော်ကားနှင့် ရေယာဉ်များဖြင့် လာရောက်နိုင်သည်။ လေယာဉ် ခရီးစဉ်မှာ အိုလံပစ်အဲလေကြောင်းလိုင်းက တစ်နေ့နှစ်ကြိမ် ပျံသန်းနေပြီး ဂရိနိုင်ငံ အေသင်မြို့နှင့် တိုက်ရိုက်လေကြောင်း လိုင်းရှိသည်။ ထို့အပြင် အမြန်ရေယာဉ်များဖြင့်လည်း လာရောက် လှေလာနိုင်အောင် စီစဉ်ထားသည်။ ***(အပေါ်ပုံ)***

(အင်တာနက်)



တောင်အာဖရိက ကင်နာဆိပ်ကမ်းမြို့

အာဖရိကကမ်းရိုးတန်းမြို့များအနက် အလှပဆုံးဖြစ်သည့် တောင်အာဖရိကမှ ကင်နာဆိပ်ကမ်းမြို့သည် မြို့တော် ကိတ်တောင်းအနီးတွင် တည်ရှိသည်။ တောင်အာဖရိကနိုင်ငံရှိ အဓိက မြစ်တစ်စင်းဖြစ်သော ကင်နာမြစ်ဆိပ်ကမ်း၌ တည်ရှိ သည်။ ကိတ်တောင်းမြို့မှ သွားလာနိုင်ပြီး ကမ်းခြေတစ်လျှောက် မော်တော်ကားလမ်း ဖောက်လုပ်ထားသည်။ ကင်နာဆိပ်ကမ်းမြို့ သို့ ရထား၊ ရေယာဉ်နှင့် မော်တော်ယာဉ်များဖြင့် သွားလာနိုင်သည်။ နှစ်စဉ် ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်မှုများပြား သည့် ဆိပ်ကမ်းမြို့ဖြစ်သည်။ ***(ဝဲပုံ)*** ***(အင်တာနက်)***

အကျီစားသန်လွန်းသောအခါ . . . .

နိုင်ငံတကာ မှုခင်း

အနောက်နိုင်ငံများတွင် အသက် ၁၃နှစ်နှင့် ၁၉နှစ်ကြား အရွယ်များကို ဆယ်ကျော် သက်အရွယ် လူငယ်များဟု ယေဘုယျအားဖြင့် သတ်မှတ်ထားကြသည်။

ထိုအရွယ်များသည် နုနယ်လတ်ဆတ်သည့်အရွယ်၊ ဆူတုန်းဖြိုးတုန်းအရွယ်၊ အလှပဆုံး အတက်ကြွဆုံးအရွယ်၊ ဖျတ်လတ်မှုအရှိဆုံး၊ ဉာဏ်ရည်အထက်မြက်ဆုံးနှင့် အသွက်လက်ဆုံးအရွယ်ဟုဆိုလျှင် မှားအံ့မထင်။

ပြိုင်ဘက်ကင်း

ဤမျှနှင့်မကသေး ထိုဆယ်ကျော်သက်အရွယ်လူငယ်များသည် စူးစမ်းဆင်ခြင်သည့် နေရာတွင် စံပြလောက်၏။ စပ်စုသည့်နေရာတွင် ဆရာတင်သင့်၏။ ရဲဝံ့သည့်နေရာတွင် ပြိုင်ဘက်ကင်း၏။ အနိုင်မခံ အရှုံးမပေးလိုသည့်စိတ်လည်း အပြည့်။လူ့ဘဝတွင် ထိုအသက် ထိုအရွယ်သည် စိတ်ဝင်စားစရာအကောင်းဆုံး၊ ချစ်စရာအကောင်းဆုံး၊ ပညာသင်၍ အကောင်းဆုံး။

ထို့ကြောင့် ထိုအရွယ်တွင် ဆရာ၊ မိဘနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတို့အပြင် နိုင်ငံကာကွယ်ရေးနှင့် တည်ဆောက်ရေး ကိစ္စရပ်များ၌ ကျွမ်းကျင်လိမ္မာအောင် အထူးတလည် နည်းပေးလမ်းပြ ပြုလုပ်ကြစမြဲ။ ထိုအသက်အရွယ်တွင် ချီးမြှောက်လောက်အောင်ထူးခြားသည့် အင်္ဂါရပ်အမျိုးစုံ ရှိ၏။ ကောင်းကွက် အများအပြားရှိသလို ဆိုးကွက်များကလည်း မရှား။

လိုက်နာ

အချို့ဆယ်ကျော်သက်အရွယ် လူငယ်များသည် မိဘဘိုးဘွားသက်ကြီးရွယ်အိုများ၊ ဆရာသမားများ၏ ဆိုဆုံးမသြဝါဒစကားကို မြေဝယ်မကျနားထောင်လိုက်နာကြသကဲ့သို့ အချို့မှာ မည်သူဆုံးမ၍မှမရ၊ ကိုယ်သာအသိ၊ ကိုယ်သာအတတ်၊ ကိုယ်သာနားအလည်ကြီး လုပ်တတ်ကြပြန်၏။

မိဘစကားလည်း နားမထောင်၊ အစ်ကိုအစ်မစကားလည်းမလိုက်နာ၊ ဆရာ ဆရာမ စကားကိုလည်း လက်မခံ၊ ကုန်ကုန်ပြောရလျှင် မည်သူ့စကားကိုမှ နားမဝင်။

စော်ကား

အဆိုးတကာ့ အဆိုးဆုံးထဲက တစ်ခုမှာ သက်တူရွယ်တူလူငယ်ချင်း စာနာ ထောက်ထားခြင်းအလျှင်းမရှိ၊ ပြုမူဆက်ဆံစော်ကားတတ်ခြင်းတည်း။

ဤတွင် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်မှ ဆယ်ကျော်သက်အရွယ် လူငယ်လေးယောက်ကို နမူနာပြချင်၏။ သူတို့လေးယောက်စလုံးသည် အသက်အရွယ် အားဖြင့် တစ်ယောက်နှင့်တစ်ယောက် သိပ်မကွာကြ။

တစ်ယောက်က ဒင်ဗာဂျာဗစ်ဆိုသူဖြစ်၏။ သူ့အသက်က (၁၅)နှစ်။ နောက် တစ်ယောက်က မက်သူးဘင့်ဆိုသူဖြစ်သည်။ မက်သူးဘင့်၏အသက်ကလည်း (၁၅)နှစ်။ သုံးယောက်မြောက်က ဂျီးဆပ်မင်ဒက်ဆိုသူဖြစ်သည်။ ဂျီးဆပ်မင်ဒက်၏အသက်က အပေါ်နှစ်ယောက်နှင့် မတိမ်းမယိမ်းဖြစ်၏။ ဂျီးဆပ်မင်ဒက်၏အသက်က (၁၆)နှစ်ကိုး။

မိုက်ကယ်ဘရူးဝါး

မီးရှို့ရန်ပြုခြင်းခံခဲ့ရသူ အသက် (၁၅)နှစ် အရွယ်သာရှိသေးသည့် မိုက်ကယ် ဘရူးဝါး။

သည်ဆယ်ကျော်သက်အရွယ်သုံးယောက်က အခြား(၁၅)နှစ်သားအရွယ်ပင် ရှိသေး သည့် မိုက်ကယ်ဘရူးဝါးဆိုသူကို မီးရှို့ရန်ပြုခဲ့ကြသည်။ ကျီစားသည်ဆိုလျှင်လည်း အကျီစားလွန်တော့ ရန်ဖြစ်ရသည်ဆိုပါစို့။

မီးရှို့ခံရသူ မိုက်ကယ်ဘရူးဝါးခမျာမှာတော့ တကယ့်ကိုမရှုမလှ။

ထို့ကြောင့် မီးရှို့ခဲ့ကြသူသုံးယောက်သည် နောက်ဆုံး ရဲတပ်ဖွဲ့၏ တရားစွဲဆိုခြင်းကို ခံရသည်။ ဆယ်ကျော်သက်အရွယ်လူငယ်ကို တရားစွဲသလိုမစွဲဘဲ အရွယ်ရောက်သူ လူကြီး တစ်ယောက်လို တရားစွဲခဲ့ပါသတဲ့။

သူတို့ကို ဖို့ဒ်လောဒါဒေးရဲတပ်ဖွဲ့က တရားစွဲခဲ့ခြင်းဖြစ်သည်။

အမှုဖြစ်ပွားပုံ

ဖြစ်ပွားသည့်နေရာက ဒီယားဖိုးလ်မှာပါ။ ဖြစ်ပွားသည့်အချိန်က အောက်တိုဘာလ။ အမှုဖြစ်ပွားပုံကို ရှင်းပြရလျှင် မင်ဒက်ဆိုသူလူငယ်က ဘရူးဝါး၏ခန္ဓာကိုယ်ကို အရက် လောင်းပြီး အရှင်လတ်လတ် မီးနှင့်ရှို့ခဲ့သည်။ ဘင့်ဆိုသူက ထိုကဲ့သို့ မီးနှင့်ရှို့အောင် မြှောက်ပေးခဲ့သည်။ ထိုအခါ ဘရူးဝါးခန္ဓာကိုယ်တွင် မီးစွဲလောင်သွားသည်။ မီးလောင်သမျှ နည်းနည်းနောနောမဟုတ်၊ ဘရူးဝါးခန္ဓာကိုယ်တစ်ခုလုံး၏ ၆၅ရာခိုင်နှုန်းကို စွဲလောင် သွားခြင်းဖြစ်သည်။ ဘရူးဝါးမှာ မီးလောင်သည့်ဝေဒနာကို ဆိုးဆိုးရွားရွား ခံစားသွားရ တော့သည်။ သေလုမတတ် ပူလောင်မှုဒဏ်ကို လူးလိမ့်ခံရလေပြီ။ အခြေအနေကဆိုးချေပြီ။

"တော်တော်ဆိုးတဲ့ကလေးတွေပါလား။ မိမဆုံးမ၊ ဖမဆုံးမသားလေးတွေထင်ပါရဲ့။ ဆရာ ဆရာမတွေကလည်း ဒီလိုလူဆိုးလေးတွေကို လွှတ်ထားကြလေသလား။ ကလေးနဲ့ မတန် အရွယ်နဲ့မလိုက်အောင် မိုက်မဲလွန်းလှချေလား။"

မြင်ရကြားရသူတိုင်းက စိတ်ထဲကရေရွတ် မှတ်ချက်ချကြမည်ထင့် ....။

တရားစွဲဆို

သူတို့ကို ရဲတပ်ဖွဲ့က ဆိုးရွားပြင်းထန်သော မီးရှို့မှုဖြင့် ဘရိုးဝပ်စီရင်စုပြည်နယ် ရှေ့နေရုံး၌ တရားစွဲဆိုထားသည်။

ဆယ်ကျော်သက်အရွယ် ထိုလူငယ်လေးများ၏ အဖြစ်ကိုကြည့်ပြီး ရင်ထုမနာဖြစ်ကြ လေမည်လား၊ မခံမရပ်နိုင်အောင် ဒေါသထွက်ကြလေမည်လား၊ ကျေနပ်အားရဖြစ်ကြ လေမည်လား၊ သို့တည်းမဟုတ် ပျော်ရွှင်မဆုံး တပြုံးပြုံးဖြစ်ကြလေမည်လား၊ သို့တည်း မဟုတ် တနုံ့နုံ့စဉ်းစား၍ သင်ခန်းစာယူကြလေမည်လား။

အဖြေမှန်ကို ကာယကံရှင်တွေသာ အသိဆုံး။

တကယ်တော့ ဥပဒေအရ ဆုံးဖြတ်သည်သာ အသင့်လျော်ဆုံးဖြစ်ပေလိမ့်မည်။

စတင်ခဲ့

ဖြစ်ပွားပုံနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့၏ ပြောပြချက်ကို ဆက်လက်လေ့လာကြည့် မည်ဆိုပါက ယင်းဖြစ်ရပ်သည် ဗီဒီယိုဂိမ်းကစားရာမှ စတင်ခဲ့ကြောင်း၊ စကားများ နေကြရာမှ ရန်ပွဲအထိကြီးထွားလာကြောင်း၊ ရန်ပြုခံရသူ ဘရူးဝါးက သူ့ဖခင်၏ စက်ဘီး ကို ခိုးဖို့ကြံစည်ခဲ့သည်ဟု ထိုလူငယ်သုံးဦးအား စွပ်စွဲရာမှ ထိုအခြေအနေမျိုးအထိ ပြဿနာ ကြီးလာခဲ့ခြင်းဖြစ်ကြောင်းပါ။ ။

ကိုးကား-အင်တာနက် **ဆွေ - စုစည်းသည်**

အချို့ဆယ်ကျော်သက်အရွယ် လူငယ်များသည် မိဘဘိုးဘွား သက်ကြီးရွယ်အိုများ၊ ဆရာသမားများ၏ ဆိုဆုံးမသြဝါဒစကားကို မြေဝယ်မကျ နားထောင်လိုက်နာကြသကဲ့သို့ အချို့မှာ မည်သူဆုံးမ၍မှမရ၊ ကိုယ်သာအသိ၊ ကိုယ်သာအတတ်၊ ကိုယ်သာနားအလည်ကြီး လုပ်တတ်ကြပြန်၏။

မအူပင်စျေးသန့်ရှင်းရေးဆောင်ရွက်

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကြီးကြပ်မှုအောက်ရှိ သားငါးစျေးအတွင်း ယင်များနှင့် အနံ့အသက်ဆိုးများ မရှိစေရန်အတွက် ရေဖျန်းဆေးကြော သန့်ရှင်းရေးလုပ်ငန်းကို နိုဝင်ဘာ ၈ ရက်က ဦးစီးအရာရှိ ဦးအောင်သူဝင်းနှင့် ဒုတိယဦးစီးမှူး(စျေး)ဦးကျင်စိုး ဦးဆောင်သော ဝန်ထမ်းများနှင့် စျေးသူစျေးသားများ ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသန်းအေး ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကျွန်းလှမြို့နယ်အသင်း (ရန်ကုန်)
နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် နိုဝင်ဘာ ၂၃

ကျွန်းလှမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးကို အလုံမြို့နယ် ဆင်မင်းရပ်ကွက် ဆဒ္ဒါန်လမ်း အောင်စေတီကျောင်းတိုက်၌ နိုဝင်ဘာ ၂၉ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းသား အသင်းသူများနှင့် အသင်းမဝင်ရသေးသည့် မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

မြွေဆေးအတုများ ရောင်းချမှုမရှိရန် ရေစကြို၌ ပညာပေး

ရေစကြို နိုဝင်ဘာ ၁၀

မကွေးတိုင်း ရေစကြိုမြို့၌ မြွေဆေးများစျေးကြီးမြင့်ချိန်ဖြစ်သဖြင့် မြွေဆေးအတုများ ရောင်းချမှု မရှိစေရန် နိုဝင်ဘာ၅ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းပြီး ရေစကြို မြို့မစျေးရှိ ဆေးမျိုးစုံရောင်းချသော ဆေးဆိုင်များနှင့် ရပ်ကွက်အတွင်းရှိ ဆေးဆိုင်များသို့ ရှောင်တခင် ဝင်ရောက်စစ်ဆေးကြပြီး အသိပညာပေး ဟောပြောကြကြောင်းသိရသည်။ (ဝ၆၉)

ဒီပါဝလီပွဲတော်အတွက် နှုတ်ခွန်းဆက်သခြင်း

၁၇-၁၀-၂၀၀၉ ရက်တွင် ကျရောက်သော ဟိန္ဒူဘာသာဝင်များ၏ ဒီပ=ဆီမီး၊ ဝလီ=စီတန်းခြင်းတည်းဟူသော ဆီမီးများထွန်းညှိ စီတန်းပူဇော်ကြသည့် ဒီပါဝလီပွဲတော်မြတ်ကြီးသည် ပညာတည်းဟူသော အလင်းရောင်ကို အစွမ်းကုန် ထွန်းလင်းစေခြင်းဖြင့် အဝိဇ္ဇာတည်းဟူသော အမှောင်ထုကို ဖြိုခွင်း၍ ဝိဇ္ဇာတည်းဟူသော အလင်းရောင်သို့ လမ်းညွှန်ပို့ဆောင်ပေးနိုင်ပါစေသတည်း။

ဤ ဒီပါဝလီပွဲတော်မြတ်ကြီး၏ အလင်းရောင်ခြည်သည် အမိမြန်မာနိုင်ငံတော်ကြီးအား ကောင်းမြတ်သော ဂုဏ်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံစေပြီး အေးချမ်းသာယာ၍ ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ကြဉ်းပေးနိုင်ပါစေသတည်း။

လူသားများအားလုံး ကျန်းမာ၊ ချမ်းသာ၊ ဝမ်းသာပျော်ရွှင်နိုင်ကြပါစေကြောင်း ဆုတောင်းလျက်-။

ဇော်ဇော်နိုင်-ဥက္ကဋ္ဌ
မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)။

တရားမပုံစံအမှတ်-၇၄

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
အကြောင်းကြားစာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
မန္တလေးခရိုင် တရားမရုံးတော်၌
၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၁၂နှင့် ဆက်သွယ်သည့်
၂၀၀၉ခုနှစ် တရားမဇာရီမှုအမှတ်-၅၇

ဦးမောင်မောင်ရင် **နှင့်** ဦးကျော်တင့်
ဒီကရီအနိုင်ရသူ **တရားရှုံး**

ဦးကျော်တင့် တိုက်အမှတ်-၁၄/၁၅ (တောင်ဘက်လှည့်) ရဲတိုက်ခန်းသုံးထပ်၊ လမ်း ၃၀၊ (၆၆×၆၈)လမ်းကြား၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၁၂တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ ၂၀၀၉ခုနှစ် ဒီဇင်ဘာ၃ ရက်(၁၃၇၁ခုနှစ် နတ်တော်လပြည့်ကျော်၂ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၀၉ခုနှစ် နိုဝင်ဘာ ၁၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မိုးမြင့်
ခရိုင်တရားသူကြီး။

မုံရွာတက္ကသိုလ်
ဒသမအကြိမ်ဘွဲ့နှင်းသဘင်

၁။ မုံရွာတက္ကသိုလ် ဒသမအကြိမ် ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားကြသူများအတွက် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ကြရန် ကြေညာလိုက်သည်။

စဉ်	ဘွဲ့	အစမ်းလေ့ကျင့်ရမည့် ရက်နှင့်အချိန်	ဘွဲ့နှင်းသဘင်တက်ရောက်ရမည့် ရက်နှင့်အချိန်
၁။	က။ မဟာသုတေသနဘွဲ့ မြန်မာစာအထူးပြု၊ ရူပဗေဒအထူးပြု ခ။ မဟာဘွဲ့ အင်္ဂလိပ်စာအထူးပြု၊ ဓာတုဗေဒအထူးပြု ဂ။ ဂုဏ်ထူးဘွဲ့ ပထဝီဝင်အထူးပြု၊ ဓာတုဗေဒအထူးပြု ဃ။ ရိုးရိုးဘွဲ့ အင်္ဂလိပ်စာအထူးပြု-(၃အ-၁မှ ၃အ-၈၂အထိ) ပထဝီဝင်အထူးပြု ရူပဗေဒအထူးပြု (၃ရပ-၁မှ ၃ရပ-၉၇အထိ) ဇီဝဓာတုဗေဒအထူးပြု	၁၇-၁၂-၂၀၀၉ ရက် နံနက် ၉း၀၀ နာရီ	၁၉-၁၂-၂၀၀၉ ရက် နံနက် ၉း၀၀ နာရီ
၂။	က။ မဟာသုတေသနဘွဲ့ အရှေ့တိုင်းပညာအထူးပြု၊ သင်္ချာအထူးပြု ခ။ မဟာဘွဲ့ သမိုင်းအထူးပြု၊ ရူပဗေဒအထူးပြု ဂ။ ဂုဏ်ထူးဘွဲ့ သမိုင်းအထူးပြု ဃ။ ရိုးရိုးဘွဲ့ အင်္ဂလိပ်စာအထူးပြု-(၃အ-၈၃ မှ ၃အ-၁၃၂အထိ) အရှေ့တိုင်းပညာအထူးပြု ရူပဗေဒအထူးပြု(၃ရပ-၉၈မှ ၃ရပ-၂၀၂အထိ) စာရင်းအင်းပညာအထူးပြု	၁၇-၁၂-၂၀၀၉ရက် နံနက် ၉း၀၀ နာရီ	၁၉-၁၂-၂၀၀၉ရက် မွန်းလွဲ ၁၃း၀၀ နာရီ
၃။	က။ မဟာသုတေသနဘွဲ့ ပထဝီဝင်အထူးပြု၊ သတ္တဗေဒအထူးပြု ခ။ မဟာဘွဲ့၊ မြန်မာစာအထူးပြု၊ သတ္တဗေဒအထူးပြု ဂ။ ဂုဏ်ထူးဘွဲ့ မြန်မာစာအထူးပြု ဃ။ ရိုးရိုးဘွဲ့ ဥပဒေပညာအထူးပြု-(၄ဥ-၁ မှ ၄ဥ-၅၁အထိ) ရူပဗေဒအထူးပြု (၃ရပ-၂၀၇ မှ ၃ရပ-၃၂၉အထိ) သတ္တဗေဒအထူးပြု (၃သတ-၁မှ ၃သတ-၇၂အထိ)	၁၇-၁၂-၂၀၀၉ ရက် မွန်းလွဲ ၁၄း၀၀ နာရီ	၂၀-၁၂-၂၀၀၉ ရက် နံနက် ၉း၀၀ နာရီ
၄။	က။ မဟာသုတေသနဘွဲ့ ဘူမိဗေဒအထူးပြု ခ။ မဟာဘွဲ့ စိတ်ပညာအထူးပြု ဂ။ ဂုဏ်ထူးဘွဲ့ ဘူမိဗေဒအထူးပြု၊ စိတ်ပညာအထူးပြု ဃ။ ရိုးရိုးဘွဲ့ ဥပဒေပညာအထူးပြု-(၄ဥ-၅၂မှ ၄ဥ-၉၈အထိ) သင်္ချာအထူးပြု (ဒုဂုဏ်၊တတိယတန်း) သင်္ချာအထူးပြု (၃သခ-၁မှ ၃သခ-၁၀၃အထိ) သတ္တဗေဒအထူးပြု (၃သတ-၇၃မှ ၃သတ-၂၀၄အထိ)	၁၇-၁၂-၂၀၀၉ ရက် မွန်းလွဲ ၁၄း၀၀ နာရီ	၂၀-၁၂-၂၀၀၉ ရက် မွန်းလွဲ ၁၃း၀၀ နာရီ
၅။	က။ မဟာဘွဲ့ ပထဝီဝင်အထူးပြု ဒဿနိကဗေဒအထူးပြု သင်္ချာအထူးပြု ခ။ ဂုဏ်ထူးဘွဲ့ အင်္ဂလိပ်စာအထူးပြု၊ စာရင်းအင်းပညာအထူးပြု ဂ။ ရိုးရိုးဘွဲ့ မြန်မာစာအထူးပြု၊ ဒဿနိကဗေဒအထူးပြု သင်္ချာအထူးပြု (၃သခ-၁၀၅ မှ ၃သခ-၂၂၃အထိ)	၂၃-၁၂-၂၀၀၉ ရက် နံနက် ၉း၀၀ နာရီ	၂၅-၁၂-၂၀၀၉ ရက် နံနက် ၉း၀၀ နာရီ
၆။	က။ မဟာဘွဲ့ ဘူမိဗေဒအထူးပြု ခ။ ဂုဏ်ထူးဘွဲ့ အရှေ့တိုင်းပညာအထူးပြု သင်္ချာအထူးပြု ဂ။ ရိုးရိုးဘွဲ့ သမိုင်းအထူးပြု သင်္ချာအထူးပြု (၃သခ-၂၃၃ မှ ၃သခ-၃၂၅အထိ) ဘူမိဗေဒအထူးပြု	၂၃-၁၂-၂၀၀၉ ရက် နံနက် ၉း၀၀ နာရီ	၂၅-၁၂-၂၀၀၉ ရက် မွန်းလွဲ ၁၃း၀၀ နာရီ
၇။	က။ မဟာဘွဲ့ ရုက္ခဗေဒအထူးပြု ခ။ ဂုဏ်ထူးဘွဲ့ နိုင်ငံတကာဆက်ဆံရေးပညာအထူးပြု သတ္တဗေဒအထူးပြု ဂ။ ရိုးရိုးဘွဲ့ နိုင်ငံတကာဆက်ဆံရေးပညာအထူးပြု ဓာတုဗေဒအထူးပြု-(ဒုဂုဏ်၊တတိယတန်း)၊ ဓာတုဗေဒအထူးပြု (၃ဓ-၁မှ ၃ဓ-၁၂၆ အထိ) ရုက္ခဗေဒအထူးပြု	၂၃-၁၂-၂၀၀၉ ရက် မွန်းတည့် ၁၂း၀၀ နာရီ	၂၆-၁၂-၂၀၀၉ ရက် နံနက် ၉း၀၀ နာရီ
၈။	က။ ဂုဏ်ထူးဘွဲ့ ရူပဗေဒအထူးပြု ခ။ ရိုးရိုးဘွဲ့ စိတ်ပညာအထူးပြု ဓာတုဗေဒအထူးပြု (၃ဓ-၁၂၈ မှ ၃ဓ-၂၅၈ အထိ) အဏုဇီဝအထူးပြု ပထဝီဝင်အထူးပြု (ရွှေဘိုဒီဂရီကောလိပ်)၊ ဓာတုဗေဒအထူးပြု (ရွှေဘိုဒီဂရီကောလိပ်)	၂၃-၁၂-၂၀၀၉ ရက် မွန်းတည့် ၁၂း၀၀ နာရီ	၂၆-၁၂-၂၀၀၉ ရက် မွန်းလွဲ ၁၃း၀၀ နာရီ
၉။	**(ရွှေဘိုဒီဂရီကောလိပ်)** က။ ဂုဏ်ထူးဘွဲ့ မြန်မာစာအထူးပြု၊ ဓာတုဗေဒအထူးပြု၊ သင်္ချာအထူးပြု ခ။ ရိုးရိုးဘွဲ့ မြန်မာစာအထူးပြု ရူပဗေဒအထူးပြု (၃ရပ-၁ မှ ၃ရပ-၁၂၀ အထိ) သင်္ချာအထူးပြု	၂၃-၁၂-၂၀၀၉ ရက် မွန်းလွဲ ၁၄း၀၀ နာရီ	၂၇-၁၂-၂၀၀၉ ရက် နံနက် ၉း၀၀ နာရီ
၁၀။	**(ရွှေဘိုဒီဂရီကောလိပ်)** က။ ဂုဏ်ထူးဘွဲ့ သမိုင်းအထူးပြု ရူပဗေဒအထူးပြု၊ သတ္တဗေဒအထူးပြု ခ။ ရိုးရိုးဘွဲ့ သမိုင်းအထူးပြု ရူပဗေဒအထူးပြု (၃ရပ-၁၂၃ မှ ၃ရပ-၂၀၉ အထိ) သတ္တဗေဒအထူးပြု၊ ရုက္ခဗေဒအထူးပြု	၂၃-၁၂-၂၀၀၉ ရက် မွန်းလွဲ ၁၄း၀၀ နာရီ	၂၇-၁၂-၂၀၀၉ ရက် မွန်းလွဲ ၁၃း၀၀ နာရီ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်မည့်သူများအတွက် စာရွက်စာတမ်း/လက်မှတ်တို့ကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

စဉ်	ဘွဲ့နှင်းသဘင် ကျင်းပမည့်ရက်	လိုအပ်သောစာရွက်စာတမ်းများ ထုတ်ပေးမည့်ရက်	ဘွဲ့ဝတ်စုံများ ထုတ်ပေးမည့်ရက်
၁။	၁၉-၁၂-၂၀၀၉ ရက်	၁၆-၁၂-၂၀၀၉ ရက်	၁၇-၁၂-၂၀၀၉ ရက်
၂။	၂၀-၁၂-၂၀၀၉ ရက်	၁၆-၁၂-၂၀၀၉ ရက်	၁၇-၁၂-၂၀၀၉ ရက်
၃။	၂၅-၁၂-၂၀၀၉ ရက်	၂၂-၁၂-၂၀၀၉ ရက်	၂၃-၁၂-၂၀၀၉ ရက်
၄။	၂၆-၁၂-၂၀၀၉ ရက်	၂၂-၁၂-၂၀၀၉ ရက်	၂၃-၁၂-၂၀၀၉ ရက်
၅။	၂၇-၁၂-၂၀၀၉ ရက်	၂၂-၁၂-၂၀၀၉ ရက်	၂၃-၁၂-၂၀၀၉ ရက်

စိန်စိန်အေး
မော်ကွန်းထိန်း၊ မုံရွာတက္ကသိုလ်၊မုံရွာမြို့။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ဖောလစ်အက်စစ်နှင့် ဗီတာမင် ဘီ-၁၂ စွဲမြဲစွာ အပိုဆောင်းမသုံးသင့်

ဖောလစ်အက်စစ်နှင့် ဗီတာမင် ဘီ-၁၂ တို့သည် ကျန်းမာရေးအတွက် အထူးကောင်းမွန်သည်ဟူသော ယေဘုယျ ယုံကြည်ထားမှုနှင့် ဆန့်ကျင်ကာ ယင်းတို့ကို စွဲမြဲစွာ အပိုဆောင်း သုံးခြင်းဖြင့် ကင်ဆာရောဂါ ပိုမိုဆိုးရွားသွားစေမှုနှင့် အကြောင်းအမျိုးမျိုးကြောင့် *စာမျက်နှာ ၈ ကော်လံ ၁* ■

နေပြည်တော် နိုဝင်ဘာ ၂၃

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်မှ လင်ပန်းရေလှောင်တမံသတင်းရယူရင်း ကန့်ဘလူမြို့နယ်၏ဒေသဖွံ့ဖြိုးမှုကို မျက်မြင်ကိုယ်တွေ့ လေ့လာခွင့်ရခဲ့သည်။ ရွှေဘိုမြို့မှ ကန့်ဘလူမြို့သို့ ကားဖြင့်သွားရောက်ခဲ့ရာ ကားလမ်းနံဘေး၌ မိုးစပါးများ စိုက်ပျိုးထားသည့် လယ်ယာမြေမြင်ကွင်းကို တစ်မျှော်တစ်ခေါ်ကြီး တွေ့ရသည်။

တည်ဆောက်ပြီးစီး

အညာဒေသသည် မိုးနည်းဒေသဖြစ်၍ မည်သည့်ရေဖြင့် စိုက်ပျိုးထားသနည်းဟု စူးစမ်းစေ့ငုကြည့်မိသည်။ သတင်းအဖွဲ့နှင့်အတူ လိုက်ပါလာသော ဆည်မြောင်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးတင်မောင်ချိုက ''ဒီလယ်တွေက ဆည်ရေတွေနဲ့ စိုက်ထားတာ''ဟု ပြောပြသည်။ *စာမျက်နှာ ၈ ကော်လံ ၅* ❐

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း - အောင်သန်း (မင်္ဂလာတောင်ညွန့်)

စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)

ကန့်ဘလူမြို့ ကျက်သရေဆောင်

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့ ကျက်သရေဆောင် လွတ်လပ်ရေး ကျောက်တိုင်၊ ပြည်သူ့ပန်းဥယျာဉ်၊ အားကစားကွင်းနှင့် အားကစားရုံ တို့ကိုလည်း မြို့ပြအင်္ဂါရပ်နှင့် အညီ လှပစွာ တည်ဆောက်ထားသည်ကို ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း- အောင်သန်း(မင်္ဂလာတောင်ညွန့်)